မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၆)

စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံကျော်လွှား

ဒီကနေ့အချိန်အခါဟာ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်နဲ့ အသစ်တစ်ဖန်ပြန်တည်နေရတဲ့ အချိန်ဖြစ်။ စိန်ခေါ်မှုတွေ ရှိနေသလို အခွင့်အလမ်းကောင်းတွေလည်း ရှိနေ။ စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံကျော်လွှားပြီး အခွင့်အလမ်းကောင်းတွေကို အရအမိ ဆုပ်ကိုင်ထားဖို့လို။

သဘောထားအမြင်ချင်းမတူကြတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေ မတူကွဲပြားတာတွေကိုဘေးဖယ် တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိစေမယ့် ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်ရန် အမြဲဖိတ်ခေါ်

ဒီအချိန်ဟာ ရန်ဖြစ်ငြင်းခုံနေကြရမယ့်အချိန်၊ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြစ်ပြောနေရမယ့်အချိန်မဟုတ်

စည်းလုံးညီညွတ်ကြရင် ကြီးပွားတိုးတက်နိုင်တဲ့ ရေခံမြေခံကောင်းတွေ တိုင်းပြည်မှာရှိပြီးဖြစ် ကိုယ့်နိုင်ငံ ပျက်စီးဆုံးရှုံးမသွားရအောင် နိုင်ငံသားတိုင်း ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်သွားရန် တာဝန်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းအသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ ဖိတ်ကြားထားသည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ဒီကနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်)

နိုင်ငံသားတိုင်း မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက် သားစဉ်မြေးဆက်အတွက် အမွေခံပတ်ဝန်းကျင်ကောင်းကို တည်ဆောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဩဂုတ်လ ၁၇ ရက်နေ့က ကျင်းပသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ''မိမိတို့ အစိုးရတက်လာစက တိုင်းပြည်ကို ကတိကဝတ်ပြုခဲ့သည့် လုပ်ငန်းများအနက် ဦးစားပေးလုပ်ဆောင်နိုင်သော လုပ်ငန်းများကို ရွေးချယ်ပြီး ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် စီးပွားရေးနှင့်ပတ်သက်သည့် အဟန့်အတားအချို့ကို ဖယ်ရှားပေးခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်၏ လွတ်လပ်မှုနှင့် ယှဉ်ပြိုင်မှုအချို့ကို ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပေးခဲ့ကြောင်း'' ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးလိုသည့်ဆန္ဒဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ အရာရှိကြီးများ၊ လူထု လူတန်းစားအလွှာအသီးသီးတို့မှ ပုဂ္ဂိုလ်များအပါအဝင် ဆွေးနွေးပွဲမှရရှိသော အကြံပေးချက်များအပေါ် လုပ်ငန်းစဉ် (၈)ရပ်ကို ရွေးထုတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပင်စင်လစာများ တိုးမြှင့်ပေးခဲ့၍ တစ်ချိန်က တိုင်းပြည်တာဝန်ထမ်းဆောင်ခဲ့ကြသော ပင်စင်စားဝန်ထမ်းများ ပျော်ရွှင်ချမ်းမြေ့ခဲ့ရသည်။

နိုင်ငံတော်၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ပြည်ပပို့ကုန်ပို့နေသော ကုန်သည်ကြီးများ ပို့ကုန်ကျဆင်းမသွားစေရန်နှင့် ဒေါ်လာဈေးကျဆင်းမှုအပေါ် ထိခိုက်နစ်နာမှုသက်သာစေရန် ယခင်က အခွန်အကောက်အဖြစ် ကုန်သွယ်ခွန် ၈ ရာခိုင်နှုန်းကို ၅ ရာခိုင်နှုန်းသို့ လျှော့ကျပေးခဲ့ရာမှ ယခုအခါအားလုံးလျှော့ပေါ့ပေးပြီး ကုန်သွယ်ခွန်ပေးရန်မလိုဘဲ လွတ်လပ်စွာကုန်သွယ်နိုင်ရန် စီမံပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် အစိုးရကိုဆန့်ကျင်နေသော မည်သည့်လက်နက်ကိုင်အဖွဲ့မဆို ငြိမ်းချမ်းရေးရယူလိုသည့်ဆန္ဒရှိလျှင် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နှင့် အချိန်မရွေး ဆွေးနွေးနိုင်ရန် လမ်းဖွင့်ပေးထားသည်။ ယနေ့အချိန်အခါသည် နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် အသစ်တစ်ဖန် ပြန်တည်နေသည့် အချိန်ဖြစ်သည်။ စိန်ခေါ်မှုများရှိနေသကဲ့သို့ အခွင့်အလမ်းကောင်းများလည်းရှိနေရာ စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားကာ အခွင့်အလမ်းကောင်းများကို အရအမိ ဆုပ်ကိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး (၃)ပါးကို အဓိကထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းသာယာသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ၊ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါနေနိုင်သည့် နိုင်ငံဖြစ်ရန် ပြည်သူများအားလုံးက ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ ပျက်စီးဆုံးရှုံးမသွားစေရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်သွားကြရန်နှင့် သားစဉ်မြေးဆက်အတွက် အမွေခံပတ်ဝန်းကျင်ကောင်းကို တည်ဆောက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗီလာဆွန်ဒါရာရာဂျမ် ရှေရှာဒရီသည် ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တစ်ဧက စပါးတင်း ၁၀၀အထက် ထွက်ရှိရေး သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုး

တွံတေးမြို့နယ်၌ သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဦးဆောင်မှု၊ ရန်ကုန်တောင်ပိုင်းခရိုင်၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၁၁ ရက်က တွံတေးမြို့နယ် ကံရွာကျေးရွာ တောင်သူဦးအုန်းမြင့်၏ လယ်မြေ သုံးဧကတွင် သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော ဆင်းသွယ်လတ်စပါးခင်းကိုပျိုးနုတ်ကောက်စိုက်ခြင်း ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ငါးမျိုးစိုက်ထည့်

ဆက်လက်၍ အဆိုပါတောင်သူ၏ လယ်မြေ၌ပင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပေါင်းစည်းလယ်ယာတွင် တောင်သူများ တစ်ပိုင်တစ်နိုင် ငါးမျိုးစိုက်ထည့်ခြင်း ဆောင်ရွက်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများက လယ်မြေအတွင်း ငါးမျိုးစိုက်ထည့်ကြသည်။

သိပ္ပံနည်းကျပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊ ပေါင်းစည်းလယ်ယာများတွင် တစ်ပိုင်တစ်နိုင် ဟင်းစားငါးမျိုး စိုက်ထည့်ခြင်းများကို မြို့နယ်အတွင်း အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စိုက်ပျိုးနည်း(၁၄)ချက်နှင့်အညီ ဘိုကလေးမြို့နယ်၌ ရတနာတိုးစပါးစိုက်ပျိုး

ဘိုကလေး ဩဂုတ် ၁၇

တစ်ဧက တင်း ၁၀၀နှင့်အထက် ထွက်ရှိရေးအတွက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ပြီးဖြစ်သော ရတနာတိုးစပါး လက်တွေ့စိုက်ပျိုးပွဲကို ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မလောကျေးရွာအုပ်စု မြစ်တန်းကျေးရွာ ကွင်းအမှတ် (၆၇၉/c)ရှိ လယ်သမားကြီး ဦးကျော်လှိုင်နှင့် ဦးလှရွှေတို့၏ တောင်သူပညာပေးစံပြကွက်တွင် ဩဂုတ် ၁၁ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဝင်းမြင့်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများ ကြည့်ရှုလေ့လာခဲ့ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာက စပါးတစ်ဧကတင်း ၁၀၀ ထွက်ရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး လှိုင်သာယာ၌ စုပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၇

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် လှိုင်သာယာမြို့နယ် အမှတ်(၁၈)ရပ်ကွက်၌ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းဘေးဝဲယာ အမှိုက်များရှင်းလင်းရေးတို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းလှိုင် ဦးဆောင်လျက် ရပ်မိရပ်ဖများနှင့်ပြည်သူများက ဩဂုတ် ၆ ရက်တွင် ရပ်ကွက်အတွင်း စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဇန်းမောက်မြို့၌ ကျေးလက် ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

ဇန်းမောက် ဩဂုတ် ၁၇

ကသာခရိုင် ဇန်းမောက်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကြက်ခြေပြာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက်၁၀နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးလွင်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်ဆန်းဝင်းက သင်တန်း ဖွင့်လှစ်ရခြင်း အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟသ်ာတဈေး သားငါးတန်း ယင်လုံဆန့်ခါတပ်ဆင်

ဟသ်ာတ ဩဂုတ် ၁၇

ဟသ်ာတမြို့နယ် ငွေဝင်းဈေး သားငါးတန်း၌ ယင်လုံဆန်ခါ တပ်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ဦးဆောင်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးဝင်းအောင်သူတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကြီးကြပ်ဆောင်ရွက်

ရသေ့တောင် မြို့နယ်အတွင်း ပြည်သူများ ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် ဩဂုတ် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်ဦးနှင့်အဖွဲ့ ကူးတို့ရေယာဉ်များကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်လမ်းကျောက်ချောခင်းလုပ်ငန်း နမ့်စန်မြို့နယ်၌ဆောင်ရွက်

နမ့်စန် ဩဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် လွိုင်ဆိုင်းကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလွင်သက်ပိုင်တို့ ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မွန်ပြည်နယ်တွင် မိုးစပါးဧက ၈ သိန်း ၈သောင်းကျော်၊ ကြံသီးနှံ ဧက ၆၀၀၀ကျော်

စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာ ဧက ၄ သိန်း ၆ သောင်းကျော် စိုက်ပျိုးထားရှိ

နေပြည်တော် ဩဂုတ် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မွန်ပြည်နယ် မွန်ဘက်စုံဖွံ့ဖြိုးရေးစီမံချက် ဝေါကွန်ဆန်း(မြန်မာ)မှ အကြံပေးအရာရှိ ဒေါ်ဟယ်သာမောရစ် ဦးဆောင်သော ဝန်ထမ်း ၁၂ ဦး၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်မှ ဒေသခံတောင်သူ ၃၆ ဦး စုစုပေါင်း ၄၉ ဦးတို့အား ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလယ်ယာစံပြစိုက်ကွင်းဧက ၁၀၀ ၌ တွေ့ဆုံသည်။

ကိုယ်တိုင်ကြိုးစား

ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းတာဝန်ကို လက်တွေ့ကြိုးပမ်းအကောင်အထည်ဖော်နေသည့် အချိန်ကာလတွင် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဆန္ဒပြင်းပြစွာ လာရောက်လေ့လာကြမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မွန်ပြည်နယ်တွင် မိုးစပါးဧက ၈ သိန်းနှင့် ၈ သောင်း၊ ကြံသီးနှံဧက ၆၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး စက်မှုကုန်ကြမ်းသီးနှံအဖြစ် ရော်ဘာဧက ၄ သိန်း ၆ သောင်းကျော် စိုက်ပျိုးအကောင်အထည်ဖော်ပြီးစီးမှုအခြေအနေအရ မွန်ပြည်နယ်သည် စိုက်ပျိုးရေးကို အဓိကအားထားရသော ပြည်နယ်ဖြစ်သည့်အားလျော်စွာ သီးနှံအမျိုးအစားအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်နယ်၏တိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ရေ၊ မြေ၊ သယံဇာတ ပေါကြွယ်ဝသော မိမိတို့နိုင်ငံတွင် လူများကြိုးစားအားထုတ်မှုဖြင့် လူနေမှုဘဝကို ဖွံ့ဖြိုးတိုးတက်အောင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ တွက်ခြေကိုက်သည့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်ပေးခြင်း၊ အထွက်နှုန်းတိုးတက်စေမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ပညာပေးခြင်း၊ လက်တွေ့စံပြစိုက်ပျိုးရေးခြံများ ထူထောင်ပြသအကောင်အထည်ဖော်ခြင်းတို့ဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေပါကြောင်း၊ လေ့လာရေးအဖွဲ့ဝင်များအနေဖြင့် စံပြစိုက်ခင်းကြီးများအတွင်း ဆန်စပါး၊ ကြံသီးနှံနှင့် မျိုးစေ့ထုတ်စိုက်ခင်းများကို အသေးစိတ်လေ့လာကြပြီး ဒေသဖွံ့ဖြိုးရေးအတွက် လက်တွေ့ကိုယ်တိုင်ကြိုးစားလုပ်ဆောင် အကောင်အထည်ဖော်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ လေ့လာရေး အဖွဲ့များသည် စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလယ်ယာဧက ၁၀၀ စိုက်ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော အထူးအထွက်တိုးနှင့် အထူးအထွက်ကောင်းစပါးစိုက်ခင်းများကို လေ့လာကြပြီး သက်တမ်း ၂၈ ရက်သားရှိ မော်ဘီကောက်ညှင်းမွှေး သိပ္ပံနည်းကျ စိုက်ခင်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အသေးစိတ် ရှင်းလင်းပြသဆွေးနွေးပြီး တောင်သူများ၏ သိလိုသည်များကို ရှင်းလင်းဖြေကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် တစ်ဧက တန် ၆၀ အထက် ထွက်ရှိမည့် သိပ္ပံနည်းကျ စိုက်ပျိုးထားသော အထူးအထွက်တိုးကြံစိုက်ခင်း ၁၀ ဧကကို သွားရောက်ကြည့်ရှုလေ့လာရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့များသည် နံနက် ၉ နာရီတွင် ဒက္ခိဏသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းဧက ၄၀ သို့ ရောက်ရှိကြပြီး ဖြစ်ထွန်းအောင်မြင်နေသော ၆၇ ရက်သား အထူးအထွက်တိုး သိပ္ပံနည်းကျစပါးစိုက်ခင်းမှ ပင်ပွားများ အနှံစတင်ထွက်ရှိနေမှုများ၊ အောင်နှံဖွံ့ဖြိုးရန် ပြုစုဆောင်ရွက်မှုများကို လေ့လာကြပြီး စိုက်ခင်းအတွင်း ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများနှင့် ကောက်စိုက်စက်များကို လေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ် ဘက်စုံစံပြစက်မှုလယ်ယာစနစ် စိုက်ခင်းဧက ၃၀ သို့ ရောက်ရှိလာကြပြီး စနစ်တကျစိုက်ပျိုးထားသော နဂါးမောက်စိုက်ခင်း၊ စပါးတင်း ၁၀၀၀ ဝင်ဆံ့သိုလှောင်နိုင်သော သိုလှောင်ရုံ (Silo)နှင့် တစ်ကြိမ် ၄ နာရီမှ ၆ နာရီ အခြောက်ခံလျှင် တင်း ၂၀၀ ကျသော အခြောက်ခံစက် (Dryer) တို့ကို ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် လေ့လာရေးအဖွဲ့သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အထူးအထွက်တိုး စပ်မျိုးစေ့ဧက ၁၀၀ မျိုးစေ့ထုတ်လုပ်ခြင်း စမ်းသပ်စိုက်ခင်းသို့ရောက်ရှိကြရာ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်နည်းပညာအဆင့်ဆင့်ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသိန်းလွင်က ရုပ်ပုံဇယားကားချပ်များဖြင့် ရှင်းလင်းဆွေးနွေးပြသပြီး မျိုးစေ့ထုတ်စမ်းသပ်စိုက်ကွင်း၌ ၁၇ ရက်သားရှိ အဖိုအောင်ထိန်းလိုင်း (R) လိုင်းများ ပေါင်စနစ်ဖြင့် စနစ်တကျပျိုးထောင်ထားသော ပျိုးခင်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်မှ ဒေသခံတောင်သူများအား နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလယ်ယာစံပြစိုက်ကွင်းဧက ၁၀၀ ၌ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံနှင့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံများသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

သာသနာရေး ဝန်ကြီးဌာနက သံဝေဇနိယလေးဌာနတည်ရှိရာ အိန္ဒိယသမ္မတနိုင်ငံနှင့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဝန်ကြီးဌာန အနေဖြင့် သံဝေဇနိယလေးဌာနတည်ရှိရာ အိန္ဒိယသမ္မတနိုင်ငံနှင့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံတို့သို့ ဘုရားဖူးသွားရောက်ကြမည့် ဗုဒ္ဓဘာသာဝင်ပြည်သူများ စိတ်အေးချမ်းမြေ့စွာ သွားရောက်ဖူးမြော် ကြည်ညိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သွားလာနေထိုင်၊ စားသောက်မှုအဆင်ပြေချောမွေ့စေရေးအတွက် ဝန်ဆောင်မှုအပြည့်အဝပေးရန်လိုကြောင်း၊ ထို့အပြင် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပေးဆောင်ရမည့် အခွန်အခများကိုလည်း အပြည့်အဝပေးဆောင်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ သွားရောက် ဖူးမြော်နိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံကူးလက်မှတ်ရရှိရေး၊ ပြည်ပထွက်ခွာမှုစီစဉ်ရေးဆပ်ကော်မတီ၊ ဘုရားဖူးအဖွဲ့များ စုစည်းဖွဲ့စည်းပေးရေးဆပ်ကော်မတီ၊ လေယာဉ်လက်မှတ် စီစဉ်ရေးနှင့်ပို့ဆောင်ရေးဆပ်ကော်မတီ၊ ဘုရားဖူးအဖွဲ့၏ ခရီးဆောင်ပစ္စည်းများ စစ်ဆေးရေးဆပ်ကော်မတီ၊ သံဝေဇနိယလေးဌာနသို့ ဘုရားဖူးအဖွဲ့များ လိုက်ပါပို့ဆောင်ရေးနှင့် သွားလာ၊နေထိုင်၊ စားသောက်မှုစီစဉ်ရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အောင်ချမ်းသာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့၊ ရန်ကုန်ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့နှင့် မေသူမောင် ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့တို့မှ အုပ်ချုပ်မှုဒါရိုက်တာများက ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက်အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ထိုင်းနိုင်ငံ PTTEPI မှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEPI မှ President & CEO Mr. Anon Sirisaengtaksin နှင့် အဖွဲ့သည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ယာပုံ)**စွမ်းအင်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် PTTEPI တို့၏ အကျိုးတူပူးပေါင်းလုပ်ဆောင်လျက်ရှိသော မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊လုပ်ကွက်အမှတ် M-3 ရှိ လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် ကုန်းတွင်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေး အစီအစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် PTTEPI မှ CEO နှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည့် ဇောတိကစီမံကိန်း၏ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEPI တို့အကြား နှစ်ဖက်ဆွေးနွေးသဘောတူညီချက်မှတ်တမ်း လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၀ ၂။ **FIFA U-20 WORLD CUP 2011 COLOMBIA ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆီမီးဖိုင်နယ်) (ဘရာဇီးအသင်းနှင့် မက္ကဆီကိုအသင်း)**

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ တေးဂီတအစီအစဉ်
- ၄:၁၅ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄:၂၅ ၄။ အဆိုပြိုင်ပွဲ
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅:၂၀ ၈။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်** (မဟာဂီတ) (အဆင့်မြင့်ပညာ အဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၅:၄၀ ၉။ **အများပြည်သူကျန်းမာရေးအတွက်ပြည့်စုံ ကန့်ဘလူ ခုတင်(၁၀၀)ဆံ့ဆေးရုံ**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၆၃)
- ၆:၃၅ ၁၃။ တူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြိုကြိုဖန်ဖန်အမွေဆိုင်** (အပိုင်း-၁၉)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၂၃)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၈၆)

အီရတ်-အာဖဂန်သတင်းများ

အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်နှင့် မြောက်ပိုင်းကယ်ကွတ်မြို့တို့တွင် ဩဂုတ် ၁၆ ရက်က ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သုံးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ (ဝဲပုံ)

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်း ကီလိုမီတာ ၂၀ ခန့်အကွာ တာဂျီဒေသတွင် ဩဂုတ် ၁၅ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး အီရတ်တပ်ဖွဲ့ဝင် ငါးဦးအပါအဝင် လူကိုးဦးဒဏ်ရာရသွားသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။ ဗုံးဖောက်ခွဲမှုမှာ အီရတ်တပ်ဖွဲ့ဝင်များ ကင်းလှည့်လာစဉ် ချိန်ကိုက်ဖောက်ခွဲ တိုက်ခိုက်ခြင်းဖြစ်သည်။ တစ်ဖန် ဘဂ္ဂဒက်အရှေ့တောင်ပိုင်း ဗုံးခွဲတိုက်ခိုက်မှုတွင် အရပ်သားငါးဦး ဒဏ်ရာရရှိသွားသည်။ ကယ်ကွတ်မြို့ ဗုံးခွဲမှု၌လည်း အရပ်သားတစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။ (အင်တာနက်)

အာဖဂန်၌ တစ်နှစ်အတွင်း နေတိုးလေကြောင်းတိုက်ခိုက်မှု အကြိမ် ၅၀၀၀၀ ကျော်ရှိ

ကဘူးလ် ဩဂုတ် ၁၇

နေတိုးတပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့်တစ်နှစ်အတွင်း လေကြောင်းတိုက်ခိုက်မှု အကြိမ် ၅၀၀၀၀ ကျော် ရှိခဲ့ကြောင်း နေတိုးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ကာစတင်ဂျက်ကော့ဆန်က ဩဂုတ် ၁၆ ရက်၌ပြုလုပ်သော ကဘူးလ်မြို့အပတ်စဉ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါကာလအတွင်း နေတိုးရဟတ်ယာဉ်သုံးစင်း ရန်သူ့လက်ချက်ဖြင့် ပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်တစ်စင်းမှာ ပြီးခဲ့သည့်ရက်သတ္တပတ်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ၄င်းက ထုတ်ဖော်ပြောကြားသည်။

နေတိုးနှင့် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များသည် ထိုကာလအတွင်း စစ်ဆင်ရေး ၂၈၀၀ ကျော် စစ်ဆင်တိုက်ခိုက်ခဲ့ကြောင်း၊ တာလီဘန်ခေါင်းဆောင်များကို ချေမှုန်းနိုင်ခဲ့သည့်အပြင် ဖမ်းဆီးရမိခြင်းများလည်းရှိကြောင်း ၄င်းက ပြောကြားသည်။ (အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၁၇

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၇ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၆၈၄၁** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၈၀၈၂၆** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၈၄၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၈၀၈၂၆ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဩဂုတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှ စတင်ပြီး ဩဂုတ် ၁၇ ရက်အထိ သေဆုံးခဲ့သည့်အာဖဂန်ပြည်သူဦးရေမှာ **၃၄၂၂၅** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၁၉၂၄** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၂၂၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၉၂၄ ဦး

(အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ (၁၇-၈-၂၀၁၁)

တင်မောင်လွင် – စုစည်းသည်

စစ်ဆင်ရေးပြီးဆုံးကြောင်း ကြေညာခဲ့သော်လည်း အမေရိကန်တို့ အီရတ်ကိုတိုက်နေဆဲဖြစ်

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အီရတ်နိုင်ငံတွင် အမေရိကန်စစ်ဆင်ရေးတိုက်ခိုက်မှု အဆုံးသတ်ပြီဟု ကြေညာပြီးနောက် တစ်နှစ်နီးပါးအကြာ ဇွန်လအတွင်းက အီရတ်နိုင်ငံတွင် အမေရိကန်တို့ လေကြောင်းတိုက်ခိုက်မှု နှစ်ရပ် ပြုလုပ်ခဲ့ကြောင်း ဩဂုတ် ၁၆ ရက်၌ အမေရိကန်စစ်တပ်က ဝန်ခံပြောကြားသည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုများမှာ ဘာဆာရာလေဆိပ်အနီးရှိ အမေရိကန်စစ်အခြေစိုက်စခန်း မလှမ်းမကမ်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်ရေးသမားများက ယင်းစစ်အခြေစိုက်စခန်းကို တိုက်ခိုက်ရန်ပြင်ဆင်နေစဉ် အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပေကျင်း၌ ရေလှောင်ကန်အတွင်း ရဟတ်ယာဉ်ပျက်ကျ

တရုတ်နိုင်ငံ ပေကျင်းမြို့မြောက်ပိုင်း ဆင်ခြေဖုံးရပ်ကွက်ရှိ ရေလှောင်ကန်အတွင်း ဩဂုတ် ၁၇ ရက်က ရဲတပ်ဖွဲ့ဝင်များလိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ တစ်ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း လေးဦးပျောက်ဆုံးလျက်ရှိကြောင်း ပေကျင်းရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါရဟတ်ယာဉ်ပေါ်တွင် ရဲတပ်ဖွဲ့ဝင် ငါးဦးလိုက်ပါသွားရာ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၀ မိနစ်က မီယွန်းတောင်တန်းဒေသ၌ ကယ်ဆယ်ရေးလုပ်ငန်းပြုလုပ်ပြီးအပြန်တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ပေကျင်းရဲတပ်ဖွဲ့က ကြေညာချက်တွင် ဖော်ပြသည်။ (အင်တာနက်)

ဗြိတိသျှလူငယ်နှစ်ဦး အိန္ဒိယသမုဒ္ဒရာကို လှေငယ်ဖြင့်ဖြတ်ကူး

ဗြိတိသျှလူငယ်များဖြစ်ကြသည့် ဂျိမ်းစ်အဒိုင်ယာနှင့် ဘင်စတန်းနင်းတို့သည် ဩစတြေးလျနိုင်ငံမှ မောရစ်သျှနိုင်ငံသို့ လှေဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြတ်ကူးနိုင်သော တတိယမြောက်အတွဲဖြစ်လာသည်။ ယင်းတို့နှစ်ဦးသည် အိန္ဒိယသမုဒ္ဒရာကို အရှည် ၂၃ ပေရှိလှေဖြင့် ၁၁၆ ရက်ကြာ ရေမိုင်ခရီး ၃၂၀၀ ကို လှော်ခတ်ကာ စံချိန်တင်ဖြတ်ကူးနိုင်ခဲ့ကြောင်း ဩဂုတ် ၁၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားတွင် အင်အား ၆ ဒသမ ၅ ရှိ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ၌ ဂျကာတာစံတော်ချိန် ဩဂုတ် ၁၆ ရက် ညနေ ၁၈ နာရီ ၀၃ မိနစ်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခဲ့ကြောင်း ဘူမိဗေဒပညာရှင်အဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။

မာလုကုပြည်နယ်၏ မြို့တော်အမ်ဘွန်မှ အနောက်မြောက်ဘက် ၁၆၃ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၁၀ ကီလိုမီတာအနက်တွင် ငလျင်ဗဟိုပြုလှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။ (အင်တာနက်)

အင်တာနက်ကျန်းမာရေး

ကောင်းမြတ်သူ – စုစည်းသည်

တစ်နေ့ ၁၅ မိနစ် လေ့ကျင့်ခန်းပြုလုပ်ပေးလျှင် အသက်သုံးနှစ် ပို ရှည်စေနိုင်ဟုဆို

တိုင်ပေ ဩဂုတ် ၁၇

တစ်နေ့ ၁၅ မိနစ်မျှ လေ့ကျင့်ခန်းပြုလုပ်ပေးလျှင် အသက်သုံးနှစ်ပိုရှည်နိုင်ကြောင်း တရုတ် (တိုင်ပေ) သုတေသီများက လေ့လာတွေ့ရှိချက်များကို ကိုးကားလျက် ထုတ်ဖော်ပြောကြားလိုက်သည်။

အရွယ်ရောက်သူတိုင်း ကျား၊ မ မရွေး မိမိတို့ နှစ်သက်ရာလေ့ကျင့်ခန်း တစ်ခုခုကို နေ့စဉ် ၁၅ မိနစ်ကြာ ပြုလုပ်ပေးခြင်းဖြင့် ကျန်းမာရေးအတွက်

စုပေါင်းလမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေနိုင်သည်။

အထောက်အကူ ဖြစ်စေနိုင်ကြောင်း ၄င်းတို့က သည်လင်းဆက်ဆေးဂျာနယ်သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်တွန်း

ယင်းလေ့လာ တွေ့ရှိချက်ကို ဗြိတိန် ဆေးပညာရှင်များကလည်း ထောက်ခံထားသည်။ အရွယ်ရောက်သူတိုင်း သီတင်းတစ်ပတ်တွင် မိနစ် ၁၅၀ ခန့် လေ့ကျင့်ခန်းပြုလုပ်ရန်လည်း ဗြိတိန်အစိုးရက ပြည်သူများအား တိုက်တွန်းထားသည်။

တွေ့ရှိ

တရုတ်(တိုင်ပေ)တွင် လူပေါင်း ၄၀၀၀၀၀ ကျော်တို့အား တစ်နေ့ ၁၅ မိနစ် သို့မဟုတ် သီတင်းတစ်ပတ် မိနစ် ၉၀ လမ်းလျှောက်ခြင်းကဲ့သို့သော လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းဖြင့် အသက်သုံးနှစ်ပိုရှည်သည်ကို တွေ့ရကြောင်း သည်လင်းဆက်ဆေးဂျာနယ်တွင် ဖော်ပြထားသည်။

လေ့ကျင့်ခန်းမလုပ်ဘဲ ရုပ်မြင်သံကြား အချိန်ကြာကြာကြည့်ရှုကြသူများသည် လူ့သက်တမ်းကို ပိုတိုစေနိုင်ကြောင်း ဩစတြေးလျသုတေသီများကလည်း လေ့လာတင်ပြထားသည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

လန်ဒန် ဩဂုတ် ၁၇

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ပရက်စ်လင်းကျွန်းရှိ အင်စီလာဇီရိုကမ်းခြေတွင် ဩဂုတ် ၁၆ ရက်က အပန်းဖြေရေကူးနေသော ဗြိတိန်နိုင်ငံသားတစ်ဦးကို ငါးမန်းတစ်ကောင်ကတိုက်ခိုက်သဖြင့် သေဆုံးသွားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၁၇ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

ငါးမန်းအကိုက်ခံရသူမှာ ဗြိတိန်နိုင်ငံ လန်ကတ်ရှိုင်းယားမြို့၌ နေထိုင်သူ မာတင်ရက်မွန်အမည်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး ဩဂုတ် ၁၆ ရက် ဒေသစံတော်ချိန် ၁၇ နာရီခန့်က ရေကူးနေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ငါးမန်းကိုက်ခံရ

ငါးမန်းအကိုက်ခံရမှုကြောင့် မာတင်ရက်မွန်၏ လက်တစ်ဖက်ပြတ်ထွက်သွားပြီး တင်ပါးတွင်လည်း ဒဏ်ရာများရရှိခဲ့ရာမှ သွေးထွက်လွန်ပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။ မာတင်ရက်မွန်သည် ဇနီးဖြစ်သူနှင့်အတူ ပျားရည်ဆမ်းအပျော်ခရီးအဖြစ် သီတင်းနှစ်ပတ်ကြာထွက်လာရာ လာမည့် ဩဂုတ် ၂၀ ရက်၌ အိမ်ပြန်ရန် စီစဉ်ထားစဉ် ယခုကဲ့သို့ ငါးမန်းကိုက်ခံရပြီး သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

အင်စီလာဇီရိုကမ်းခြေတွင် ပြီးခဲ့သည့် သီတင်းနှစ်ပတ်ကျော်ကလည်း အပန်းဖြေခရီးထွက်လာသော ပြင်သစ်နိုင်ငံသားတစ်ဦး ငါးမန်းတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရာ ယခုဖြစ်ရပ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် – ရေးသားသည်

ဗြိတိန်နိုင်ငံသားတစ်ဦး ငါးမန်းကိုက်ခံရပြီးသေဆုံး

နီပေါအလယ်ပိုင်း၌ ကူးတို့ယာဉ်နစ်မြုပ်၊ ၃၈ ဦးပျောက်ဆုံး

ခတ္တမန္ဒူ ဩဂုတ် ၁၇

နီပေါနိုင်ငံအလယ်ပိုင်း ခါမာလာမြစ်အတွင်း ကူးတို့ယာဉ်တစ်စင်း ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းက နစ်မြုပ်ခဲ့ရာ ခရီးသည် ၃၈ ဦးပျောက်ဆုံးလျက်ရှိကြောင်း နီပေါမီဒီယာများက ဩဂုတ် ၁၇ ရက်၌ ဖော်ပြသည်။ **(ဝဲပုံ)**

နစ်မြုပ်

၄င်းကူးတို့ယာဉ်ပေါ်တွင် ခရီးသည် ၄၁ ဦးတင်ဆောင်ကာ မောင်းနှင်လာစဉ် တက်ဟေမွတ်ကျေးရွာအနီး၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ကူးတို့ယာဉ်ပေါ်၌ လိုက်ပါလာသူများမှာ ဒေသခံလယ်သမားများဖြစ်ကြပြီး လူအဆမတန် တင်ဆောင်ထားမှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးနေသူများအား ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေလျက်ရှိကြောင်း နီပေါနိုင်ငံထုတ် သည်ဟီမာလာယန်တိုင်းမ် နေ့စဉ်သတင်းစာ၌ ဖော်ပြသည်။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်နိုင်ငံ့ညွှန့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhongchuan International Mining Holding Co.,Ltd. မှ Vice-Chairman Mr.Charles Yan နှင့်အဖွဲ့သည် ဩဂုတ် ၁၆ ရက်နံနက် ၁၁ နာရီခွဲက နေပြည်တော်ရှိသတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhongchuan International Mining Holding Co.,Ltd. မှ Vice-Chairman Mr.Charles Yan နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၁၇-၈-၂၀၁၁

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဟိုပန်မြို့၌ကျင်းပ

ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီခွဲက နောင်မိုကျေးရွာအုပ်စုကွင်း ဘိန်းအစားထိုး စိုက်ပျိုးရေးခြံအနီး စိုက်ခင်း၌ကျင်းပရာ"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းထူး (ခ) ဦးထွန်းလူနှင့် ဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်းပင် ၂၀၀နှင့် ရေသင်းဝင်၊ ငုဝါ၊ မဲဇလီ၊ ကံ့ကော်၊ စိန်ပန်းပင် စုစုပေါင်း ၅၈၉ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(၄၀၂)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကွတ်ခိုင်မြို့၌ ကျင်းပ

မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် သစ်တောဦးစီးဌာနက ဦးစီးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၃ ရက်က လွိုင်ဆမ်ဆစ်ဂေါက်ကွင်း၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်မင်းအေး၊ မူဆယ်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆွေသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ယူကလစ်ပင် ၁၀၀၀၊ ထင်းရှူးပင် ၁၀၀၀ စုစုပေါင်းအပင် ၂၀၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ပင်လည်ဘူး၌ကျင်းပ

ပင်လည်ဘူးမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီက မိုးကောင်းရပ်ကွက် မိုးဆုတောင်းဘုရားအနီး၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ကြည် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်စိုက်ပျိုးပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက ပိတောက်၊ စိန်ပန်း၊ မန်ကျည်း၊ ကျွန်းစသည့် စုစုပေါင်းအပင် ၃၀၀၀ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အင်းတော်၌ကျင်းပ

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၇ရက် နံနက် ၈နာရီက စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာအုပ်စု ပိုးဟုန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ဖြူနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ရတနာတန်းဝင် ကျွန်းပင်များ၊ အရိပ်ရပင်များ၊ ငှက်ပျောပင်များ၊ သီးပင်စားပင်များနှင့်ပန်းအလှပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(နီတိုး-အင်းတော်)

ဇူလိုင် ၁ ရက်က မုဒုံမြို့နယ် ကွေ့ဝမ်းအမက၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်းပင်စိုက်ပျိုးပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

(ခေတ်အကြိုက်) တေး

ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)။

၁။	မောင်တို့ချယ်ရီမြေ	ခေတ်ပေါ်စတီရီယိုတေး	ဝင်းဦးနှင့်အဖွဲ့
၂။	ပိတောက်ရိပ်ဝယ်	ခေတ်ပေါ်စတီရီယိုတေး	ဝင်းဦး
၃။	စည်းလုံးခြင်းအတွက် တေးတစ်ပုဒ်	အကျိုးပြုတေး	ဇော်ဝင်းထွဋ်
၄။	အဖေနှင့်သားများ	အကျိုးပြုတေး	ချစ်ကောင်း
၅။	ဇာတိမာန်	အကျိုးပြုတေး	ရဲဘော်ခင်မောင်လှ
၆။	ငွေဇင်ယော်	ခေတ်ပေါ်စတီရီယိုတေး	ဝင်းဦး
၇။	ပန်းတွေနဲ့ဝေ	ခေတ်ပေါ်စတီရီယိုတေး	စန္ဒရားလှထွတ်
၈။	မဟာ	အကျိုးပြုတေး	ဇော်ဝင်းထွဋ်

ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသမီး)။

၁။	တိမ်ပလီနွေနှောင်း	ခေတ်ပေါ်စတီရီယိုတေး	ချိုပြုံး
၂။	စည်းလုံးနေတဲ့ တို့တပ်မတော်ပါ	အကျိုးပြုတေး	စိမ်းမို့မို့
၃။	အမြင့်အတိုင်း	အကျိုးပြုတေး	ပိုးအိစံ
၄။	ထာဝရငြိမ်းချမ်းရေး	အကျိုးပြုတေး	မေဆွိ
၅။	မဲဇာမြိုင်	ခေတ်ပေါ်စတီရီယိုတေး	မေရှင်
၆။	ရွှေပင်လယ်	ခေတ်ပေါ်စတီရီယိုတေး	နွဲ့ယဉ်ဝင်း
၇။	တစိမ့်စိမ့်ရင်ထဲမယ်	ခေတ်ပေါ်စတီရီယိုတေး	ကော်နီ
၈။	လွမ်းငွေ့ဝေဝေ	ခေတ်ပေါ်စတီရီယိုတေး	ဖြူသီ

အဆင့်မြင့်ပညာအဆင့်(အမျိုးသား)။

၁။	ထာဝရခရီးသည်	ခေတ်ပေါ်စတီရီယိုတေး	ထူးအယ်လင်း
၂။	တို့ယုံကြည်	အကျိုးပြုတေး	ကိုင်ဇာ
၃။	သဘာဝရဲ့ရင်သွေးငယ်	ခေတ်ပေါ်စတီရီယိုတေး	စိုင်းထီးဆိုင်
၄။	ပန်းချစ်သူ	ခေတ်ပေါ်စတီရီယိုတေး	ခင်မောင်တိုး

အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)။

၁။	ကမ္ဘာတည်နေသရွေ့ မြန်မာပြည်ရှိနေမှာ	အကျိုးပြုတေး	ဟေမာနေဝင်း
၂။	ချစ်သူရဲ့သီချင်း	စတီရီယိုတေး	ထွန်းအိန္ဒြာဗို
၃။	မြန်မာပြည်ကိုလာပါ	အကျိုးပြုတေး	အဖွဲ့
၄။	လာချင်ရင် အနီးကလေး	ရေဒီယို/စတီရီယိုတေး	L ဆိုင်းဇီ

(ဆက်လက်ဖော်ပြပါမည်)

ခိုလမ်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးပတ်လည် ရေမြောင်းတူးဖော်ပြီးစီးမှုကို ဩဂုတ် ၃ ရက်က မြို့နယ်တာဝန်ခံအရာရှိ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဈေးကော်မတီဥက္ကဋ္ဌတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပေါင်းတည်မြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

ပေါင်းတည် ဩဂုတ် ၁၇

ပြည်တွင်း၌ထုတ်ကုန်ပစ္စည်းများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရေး အခွန်ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၆ရက်က ပေါင်းတည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ကျင်းပရာ ဆွေးနွေးပွဲတက်ရောက်လာသူများအား အခွန်ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး ခရိုင်အခွန်ဦးစီးဌာနမှူး ဦးကျော်ကျော်လတ် **(အပေါ်ပုံ)** ကအခွန်အမှတ်တံဆိပ်ကပ်နှိပ်ရေးအတွက် အသေးစိတ်ရှင်းလင်းဆွေးနွေးကာ ဦးစီးအရာရှိ ဦးဟန်မြင့်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးဒေါ်ကြည်ကြည်မြင့်တို့က အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့်နေရာများနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပုံတို့ကို သရုပ်ပြရှင်းလင်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် အခွန်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဘရာဇီးသံအမတ်ကြီးနှင့် ဧည့်သည်အဖွဲ့များ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior (အပေါ်ပုံ) သည် ယနေ့နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မှ Mr.Bernd Schell ခေါင်းဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ဗန်ကောက်မြို့၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ (EAPRO)ရုံးမှ Regional Director, Ms.Anupama Rao Singh သည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha လိုက်ပါလျက် ယနေ့ နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ကျန်းမာရေးလုပ်ငန်းကိစ္စရပ်များ၊ နည်းပညာ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ မိတ်ဖက်အသင်းများဖြစ်ကြသည့် ပြင်သစ် ကြက်ခြေနီအသင်း၊ ဒိန်းမတ်ကြက်ခြေနီအသင်း၊ ဩစတြေးလျ ကြက်ခြေနီအသင်း စသည့်အသင်းများနှင့် လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရုံး (EAPRO) မှ Regional Director နှင့်တွေ့ဆုံရာတွင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လက်ရှိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျော့ဖုံးမှ

ထိုသို့တိမ်းရှောင်ပြီး ဆယ်မိနစ်ခန့်အကြာတွင် KIA အဖွဲ့သည် စခန်းသို့ ရောက်ရှိလာပြီး နိုင်ငံတော်အလံ၊ နယ်စပ်ဝင်ထွက်ဖြတ်ပိုင်းပြေစာများ၊ BP ထုတ်ပေးမှု မှတ်ပုံတင်စာအုပ်များနှင့် စခန်းနေဝန်ထမ်းများ၏ ကိုယ်ပိုင်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မှန်ပြတင်းပေါက်များ ရိုက်ခွဲခြင်း၊ ရုံးအလံတိုင်အား ရိုက်ချိုးဖျက်ဆီးခြင်းများ ပြုလုပ်ပြီး မန်စီမြို့နယ် နောင်မွန်းကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

ရေးသားပေးပို့

KIO/KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်း ဇွန်လ ၉ ရက်မှစတင်၍ ဖောက်ခွဲဖျက်ဆီးမှုများ၊ ပစ်ခတ်တိုက်ခိုက်မှုများ၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးမှုများ၊ သတ်ဖြတ်မှုများ စသည့် အဖျက်လုပ်ရပ်များ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိရာ ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေး အပါအဝင် စားဝတ်နေရေးနှင့် လူမှုရေးကိစ္စများအတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုအခြေအနေများကြောင့် ကချင်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးလိုလားသော တိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များက ငြိမ်းချမ်းရေးအမြန်ရရှိရေးအတွက် နိုင်ငံတော်သမ္မတထံ စာများရေးသားပေးပို့တင်ပြလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၁၄ ရက်က လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးနိုင်အောင်ထွန်းက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအနက်မှ ၅၃၅ ဦးတို့၏ ကတ်ပြားများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းထံပေးအပ်စဉ်။ (၁၂၂)

တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တောင်ငူမြို့နယ်၌ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇

မိုးသည်းထန်စွာရွာသွန်းမှုနှင့် စစ်တောင်းမြစ်ရေလျှံမှုတို့ကြောင့် ရေဝင်ရောက်မှုရှိသော တောင်ငူမြို့နယ် ရပ်ကွက်နှင့်ကျေးရွာများရှိ တိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် တောင်ငူခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ ပူးပေါင်းလျက် ဩဂုတ် ၁၄ရက်မှစတင်၍ ရပ်ကွက်(၁)၊ (၈)၊ (၉)နှင့်(၁၀)၊ မိုးကောင်းကျေးရွာအုပ်စု ၊ ကမ်းနီကျေးရွာအုပ်စု၊ အနောက်ဆင်ကျေးရွာအုပ်စု၊ သဖန်းပင်ကျေးရွာအုပ်စုနှင့် ရွှေလေးအင်းကျေးရွာအုပ်စုများ၌ ပညာပေးဟောပြောခြင်း၊ ကျွဲ၊နွား ၇၂၀ တို့အား ခွာနာလျှာနာ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျွဲ၊ နွား၊ ဝက် ၃၅၁ ကောင်အား အင်အားဖြည့်အားဆေးများ ထိုးနှံပေးခြင်း၊ မကျန်းမာသည့် တိရစ္ဆာန်များအား ဆေးကုသပေးခြင်းစသည့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့နယ် ကံသာရပ်ကွက်တွင် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးကျော်သူရဆွေနှင့် ဝန်ထမ်းများ လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဩဂုတ် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆေးပညာသတင်းဆန်းများ (၁၈)

ဒေါက်တာ ကံညွန့်

ဒီအပတ် ဆေးပညာသတင်းဆန်းများ တင်ပြရာမှာ ဝမ်းသာစရာ မျက်စိရောဂါသတင်းတစ်ပုဒ်နှင့် စရအောင်ပါ။ ယခုအထိ ဘာကြောင့် ဖြစ်မှန်းမသိဘဲ ကုသရာမှာလည်း ထိရောက်တဲ့ ဆေးမရှိသေးတဲ့ သက်ကြီးရွယ်အိုတွေမှာ ဖြစ်တတ်တဲ့ ARMD လို့ခေါ်တဲ့ Age-Related Macular Degeneration သက်ကြီးမျက်စိမှုန်ရောဂါရဲ့ ဖြစ်စဉ်ကို ဆေးသိပ္ပံပညာရှင်တွေက ရှာဖွေတွေ့ရှိပြီလို့ သိရပါတယ်။ ဒါကို တွေ့ရှိတာကတော့ အင်္ဂလန်နိုင်ငံက ဆေးပညာရှင်တွေဖြစ်ပြီး ဒီရောဂါဟာ သူတို့နိုင်ငံတစ်ခုထဲမှာ လူပေါင်းငါးသိန်းကျော် ခံစားနေရတဲ့ ရောဂါဖြစ်တယ်လို့ သိရပါတယ်။

ဒီရောဂါဟာ မျက်စိရဲ့ အာရုံခံလွှာ (Retina) မှာ ရှိနေတဲ့ DICER ခေါ်တဲ့ Enzyme တစ်မျိုးရဲ့ အလုပ်လုပ်နိုင်စွမ်းမရှိတော့တာကြောင့် ဖြစ်ရတာလို့ သိရပါတယ်။

ဒီရောဂါဟာ အသက် ၅၀ ကျော်သူတွေမှာ လူ ၅၀ မှာတစ်ဦး အနည်းဆုံးခံစားနေရပြီး အသက် ၈၀ ကျော်တာနဲ့ လူငါးယောက်မှာ တစ်ယောက် ခံစားနေရတဲ့ရောဂါဖြစ်ပြီး ဒီရောဂါခံစားရရင် ဘာကိုမှ သဲသဲကွဲကွဲမမြင်နိုင်တော့ဘဲ အနီးကြည့်ခြင်း၊ စာဖတ်ခြင်း အလုပ်တွေကို မလုပ်နိုင်တော့တာဖြစ်ပါတယ်။ အမြင်အာရုံ လုံးဝဆုံးရှုံးသွားတာမဟုတ်ဘဲ ကိုယ်ကြည့်ချင်ရာကို မမြင်နိုင်ဖြစ်နေရတာကြောင့် ဒီရောဂါကို မမြင်မကန်းရောဂါလို့ တချို့က နာမည်ပေးထားကြပါတယ်။ အခုတော့ ယင်းရောဂါရဲ့ဖြစ်စဉ်ကို တိတိကျကျသိရပြီမို့ မကြာခင်မှာပဲ ထိရောက်တဲ့ ကုထုံးပေါ်လာနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သွေးထဲမှာရှိနေတဲ့ အဆီဓာတ်နဲ့ ပတ်သက်တဲ့ Cholestrol မဟုတ်တဲ့ အဆီဓာတ်အုပ်စုဝင် Triglyceride ဓာတ်ဟာလည်း နှလုံးရောဂါဖြစ်စေနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ အစကတော့ Cholestrol ကိုပဲ အများအားဖြင့် နှလုံးရောဂါဖြစ်စေနိုင်တယ်လို့ သိခဲ့ကြတာပါ။ ယခုလေ့လာချက်ပေါင်း ၁၀၁ခုနှင့် လူပေါင်း သုံးသိန်းငါးသောင်းကျော်ကို အင်္ဂလန်နိုင်ငံ Cambridge University မှ သိပ္ပံပညာရှင်တွေက လေ့လာဖော်ထုတ်ခဲ့ကြတာဖြစ်ပါတယ်။ ၎င်းတို့ဟာ သွေးထဲက Triglyceride ကို ထိန်းနိုင်တဲ့ Gene ကိုလည်း ရှာဖွေ တွေ့ရှိထားပြီလို့ဆိုပါတယ်။ အရင်တုန်းကတော့ စမ်းတဝါးဝါးသာရှိခဲ့ပေမယ့် အခုတွေ့ရှိချက်က ယင်းအဆီဓာတ်ဟာ နှလုံးရောဂါဖြစ်ပွားမှုကို ၁၈ ရာခိုင်နှုန်း တိုးပွားစေနိုင်တယ်ဆိုတာ အတိအကျ ပြောနိုင်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ထူးခြားတဲ့ သတင်းကလည်း ခုခံအားကျဆင်းမှုရောဂါ (AIDS) နဲ့ ပတ်သက်တဲ့ သတင်းကောင်းပါ။ ယခင်ဆေးပညာသတင်းများ ဖော်ပြရာမှာ တချို့ကိုယ်ခံအားကောင်းတဲ့လူတွေမှာ HIV ရောဂါပိုးဝင်နေပေမယ့်လည်း AIDS ရောဂါမဖြစ်နိုင်ကြောင်း၊ ဖြစ်ရင်လည်း အလွန်ကြာပြီးမှဖြစ်ကြောင်း၊ ၎င်းကို လေ့လာနေခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလူတွေကို Elite Controler လို့ခေါ်ကြောင်း၊ အဲဒီလူတွေဟာ လူနည်းစုဖြစ်ပြီး လူ ၂၀၀မှာ တစ်ဦးခန့်သာရှိကြောင်း၊ ယခုအဲဒီလူတွေ သေချာစွာစမ်းသပ်ကြည့်လိုက်တဲ့အခါ အဲဒီလူတွေရဲ့သွေးထဲမှ ခုခံအားတိုးပွားနိုင်တဲ့ Hla B57 ဆိုတာတွေ့ရကြောင်း ဖော်ပြထားပါတယ်။ အဲဒီ Gene အမျိုးအစားဟာ ခုခံအားထုတ်ပေးနိုင်တဲ့ T Cell အမျိုးအစားထဲက အစွမ်းထက်တဲ့ Gene တစ်မျိုးဖြစ်ကြောင်း Harvard ဆေးတက္ကသိုလ်မှ ဆေးပညာရှင်တွေက ဖော်ပြထားကြပါတယ်။ ဒီ Cell က Immune System Cell တွေကို ဒိုင်ခံထုတ်ပေးနေတဲ့ Thymus Gland နှင့် ဆက်စပ်နေသလားလေ့လာနေကြပြီး မကြာခင် AIDS ရောဂါအတွက် အစွမ်းထက်တဲ့ Vaccine တစ်မျိုးကို ဖော်ထုတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ရကြောင်း တင်ပြထားကြပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဝလွန်ရောဂါနှင့်ပတ်သက်ပြီး သတိပေးထုတ်ပြန်ထားတဲ့သတင်းပါ။ အစကဆေးလိပ်သောက်ခြင်းနှင့် စက်မှုဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ အဖြစ်များတဲ့ အဆုတ်ကင်ဆာရောဂါကိုသာ သတိထားတိုက်ဖျက်ဖို့ နှိုးဆော်ခဲ့ပေမယ့် ယခု အခါမှာတော့ ကမ္ဘာတစ်လွှား အဝလွန်ရောဂါဟာ စိုးရိမ်စရာ အခြေအနေဖြစ်နေပြီလို့ ဆိုပါတယ်။ လူတွေရဲ့ မဆင်မခြင်စားသောက်နေထိုင်မှု၊ ကိုယ်လက်လှုပ်ရှားခြင်းနည်းပါးမှုတို့ကြောင့် ဆယ်စုနှစ်အတွင်း အဝလွန်သူ နှစ်ဆခန့်တိုးလာခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ Union for International Cancer Control ဌာနမှ ဥက္ကဋ္ဌ Dr.Euardo Cazap က ထောက်ပြထားပါတယ်။ ၎င်းက အဝလွန်မှုကြောင့်ဖြစ်ရတဲ့ Fat Cancer လို့ အမည်ပေးထားတဲ့ ရင်သားကင်ဆာနှင့်အူမကြီးကင်ဆာတို့ဟာ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဖြစ်အများဆုံးကင်ဆာရောဂါတွေ ဖြစ်နေတယ်လို့ ထောက်ပြထားပါတယ်။ ဒါကြောင့် ဒီရောဂါတွေကို ကာကွယ်နိုင်ဖို့ အစားအသောက်ကို ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုကို တစ်ပတ်မှာ အနည်းဆုံး နှစ်နာရီပြုလုပ်ကြဖို့ တိုက်တွန်းထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ မှုခင်းဆေးပညာ (Forensic Medicine) နှင့် ဆိုင်ပါတယ်။ မကောင်းမှု ကျူးလွန်ကြသူတွေက ဘယ်လိုပဲ ရုပ်ပြောင်း ရုပ်လွှဲတွေလုပ်ပြီး ဆံပင်တွေကို အရောင်ပြောင်းထားကြပေမယ့် ၎င်းတို့ရဲ့ DNA ကို စစ်ဆေးလိုက်တာနဲ့ မူလဆံပင်အရောင်ကို သိနိုင်ပြီဆိုတဲ့သတင်းပါ။ ယခင်ကတော့ အနီရောင်ဆံပင်တစ်မျိုးကိုသာ စမ်းသပ်နိုင်ခဲ့ပေမယ့် ယခုအခါမှာတော့ အရောင်အမျိုးမျိုးကို စမ်းသပ်နိုင်ပြီလို့ သိရပါတယ်။ ပြင်သစ်နိုင်ငံထုတ် European Journal of Human Genetic မှာ ဖော်ထားတဲ့ ဒီသတင်းမှာ စမ်းသပ်လိုသူရဲ့ ဆံပင်၊ သွေး၊ တံတွေး၊ သုက်ရည်နှင့် အရေပြားက Cell တွေရဲ့ DNA ကို စမ်းသပ်ရတာဖြစ်ပြီး Gene ၁၁ မျိုးရဲ့ DNA နဲ့ တိုက်ဆိုင်စမ်းရတာလို့ ဖော်ပြထားကြောင်း သိရပါတယ်ခင်ဗျာ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကလေးနှလုံးရောဂါခွဲစိတ်မှုမှာ ရင်ဘတ်ကိုဖွင့်ပြီး နှလုံးကို ခွဲထုတ်စရာမလိုဘဲ ပေါင်ကသွေးကြောမှ တစ်ဆင့် ခွဲစိတ်ပေးနိုင်ပြီဆိုတဲ့သတင်းပါပဲ။ ဒီသတင်းကတော့ အမေရိကန်နိုင်ငံ Portland မြို့က Orgon Health and Science University က ကလေးဆေးရုံမှာ ခွဲစိတ်ပေးခဲ့ကြတာဖြစ်ပြီး နှလုံးထဲမှာရှိတဲ့ Pulmonary Valve ကို အစားထိုးလဲလှယ်ပေးခဲ့ကြတာဖြစ်ပါတယ်။ ဒီအောင်မြင်မှုကြောင့် ကလေးရဲ့ နှလုံးရောဂါနဲ့ ပတ်သက်တဲ့ ရောဂါအတော်များများကို ဒီလိုပဲ ပေါင်ရဲ့ သွေးကြောကတစ်ဆင့် ကုသနိုင်မယ်လို့ မျှော်လင့်ရကြောင်း ၎င်းခွဲစိတ်မှုကို ဦးဆောင်ခဲ့သူ Dr.Laurie Armsby က ပြောကြားလိုက်တယ်လို့ သိရကြောင်းပါခင်ဗျား။ နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အသားအရောင်လှချင်ကြတဲ့ အမျိုးသမီးတွေအတွက်ပါ။ အနောက်နိုင်ငံတွေမှာ အသားအရောင်လှစေဖို့ နေရောင်ခံပြီးလုပ်ကြတဲ့အတွက် မလိုအပ်ဘဲ ဆိုးကျိုးတွေဖြစ်တဲ့ အရေပြားကင်ဆာတို့၊ မျက်စိရောဂါတို့ ဖြစ်ပေါ်စေပါတယ်။

ယခု အင်္ဂလန်နိုင်ငံ Nottingham တက္ကသိုလ်က ဆေးပညာရှင် တစ်စုရဲ့ လေ့လာချက်အရ ယင်းသို့ အသားအရောင်လှချင်သူတွေဟာ နေရောင်ကို တကူးတကခံစရာမလိုတော့ဘဲ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်တွေကို များများစားသုံးပေးခြင်းဖြင့် အဝလွန်တဲ့ရောဂါကို ကာကွယ်နိုင်တဲ့အပြင် အသားအရောင်ကို လှပစေနိုင်ကြောင်း ၎င်းတို့ လေ့လာထားချက်ကို တင်ပြလိုက်ကြပါတယ်။ အရောင်ပါတဲ့ အသီးအနှံတွေဖြစ်တဲ့ မုန်လာဥ၊ ခရမ်းချဉ်သီး၊ ကန်စွန်းဥ၊ အာလူး၊ ရွှေဖရုံသီး စတဲ့ Carotenoid ဓာတ်များများပါတဲ့ အသီးအနှံတွေ နေ့စဉ်တစ်နေ့တစ်မျိုး စားသုံးပေးခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာရေးကောင်းမွန်လာတဲ့အပြင် ရွှေရောင်အဆင်းရှိတဲ့ အသားအရောင်ကို ရနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

ဒါ့အပြင် Australlia နိုင်ငံ Queensland ဆေးတက္ကသိုလ်မှ သုတေသီတို့လေ့လာချက်အရ Carotenoid များများပါတဲ့ ယင်းအသီးအနှံများဟာ အမှတ်(၂) ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးရောဂါတို့ကိုလည်း ကာကွယ်နိုင်ကြောင်း ၎င်းတို့ရဲ့ လေ့လာချက်ကို ဖော်ပြထားပါတယ်။ အဲဒါအပြင် သူတို့လေ့လာချက်အရ လူပေါင်း ၆၁၇၇ ဦးကို စစ်ဆေးကြည့်တဲ့အခါ ယင်းကဲ့သို့ Carotenoid, Betacarotene, Lutain, Zeaxanthene ဓာတ်တွေပါဝင်တဲ့ အသီးအရွက်များများစားသုံးသူတို့ဟာ ကျောက်ကပ်ကင်ဆာရောဂါဖြစ်ခြင်းမှ ၂၆ ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။ အမျိုးသမီးတွေမှာ Ovarian Cancer ဖြစ်ခြင်းမှကာကွယ်နိုင်ပြီး အမျိုးသားတွေမှာတော့ အဆုတ်ကင်ဆာရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်ကြောင်း တွေ့ရှိရတယ်ဆိုတာ သတင်းကောင်းအဖြစ် တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

လယ်သမားများ လယ်ယာစိုက်ပျိုးမှု အာရုံထား လုပ်ကိုင်နိုင်ရေး ငွေကြေးများ ထုတ်ချေးပေးမည်

ရန်ကုန် ဩဂုတ် ၁၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သည် ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုက်ကြီးမြို့နယ် အတွင်းရှိ ရပ်မိရပ်ဖများ၊ လယ်စိုက်တောင်သူများအား တွေ့ဆုံမှာကြားသည်။ (ဝဲပုံ)

ပြန်လည်ရှင်းလင်း

တွေ့ဆုံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည့် အခြေအနေများနှင့် မြို့မိမြို့ဖ ဦးလှသန်းက လယ်သမားများဘဝ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးဝင်းမောင်နှင့် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်အောင်တို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပထမဆုံးအနေဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝမြင့်မားရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် ကျောင်းနေအရွယ် ကလေးသူငယ်များအားလုံး မူလတန်းအဆင့် အခမဲ့ပညာ အဆင်ပြေချောမွေ့စွာ သင်ယူနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားများ၏ လယ်ယာများမှ သီးနှံအထွက်နှုန်းတိုးတက်ထွက်ရှိပြီး သင့်တင့်သော ဈေးနှုန်းရရှိမှသာ ဝင်ငွေတိုးတက်ကောင်းမွန်လာပြီး လယ်သမားများဘဝ မြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း၊ တောင်သူလယ်သမားတစ်ဦးချင်းအနေဖြင့် နည်းပညာနှင့် အရင်းအနှီး မတတ်နိုင်သည့်အတွက်ကြောင့် ယခင်က လယ်ယာလုပ်ငန်းမှာ အကျိုးရှိသင့်သလောက် မရှိခဲ့ကြောင်း၊ ယင်းအခြေအနေမှ ကျော်လွှားနိုင်ရန် ယခုအချိန်ကာလတွင် မြို့မိမြို့ဖများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် မြို့နယ်အစုအဖွဲ့၊ ကျေးရွာအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပြီး လယ်သမားများ လယ်စိုက်ပျိုးမှုတွင် အာရုံထား လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းသားကျောင်းသူများအား ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ ဗလငါးတန်နှင့်ပြည့်မီပြီး မျိုးချစ်စိတ်ဓာတ်ရင့်သန်သူများဖြစ်အောင် လေ့ကျင့်မွေးမြူ

နေပြည်တော် ဩဂုတ် ၁၇

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လေ့ကျင့်မွေးမြူ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြောကြားရာ၌ မူလတန်း အခမဲ့ မသင်မနေရပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်ပိုင်ပညာသင်ကျောင်းများကို ဥပဒေစည်းကမ်းနှင့်အညီ ဖွင့်လှစ်နိုင်ရန်နှင့် ပညာတော်သင်ဆု၊ ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်နိုင်ရန်တို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူများအား လူမှုဝန်ထမ်းစိတ်ဓာတ် မွေးမြူပေးရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို သင်ကြားပေးရန် လိုအပ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ကျောင်းများမှ ကျောင်းသားကျောင်းသူများအား ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ ဗလငါးတန်နှင့် ပြည့်မီပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်နေသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် လေ့ကျင့်မွေးမြူပေးကြရမည် ဖြစ်ကြောင်းတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက သက်ဆိုင်ရာအလိုက်သင်ကြား၊ စီမံကိန်းစရိတ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ ရှင်းလင်းတင်ပြချက်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးကြူက အခြေခံပညာကဏ္ဍဆိုင်ရာ ရှင်းလင်းတင်ပြချက်များကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲကို ဩဂုတ် ၁၂ ရက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ညှော်ခန်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းထံ ပဲခူးမြို့နယ် အင်းတကော် MMS ENGINEERING ကုမ္ပဏီက ငွေကျပ်သိန်း ၂၀ နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ငွေကျပ်သိန်း ၂၇၀ တန်ဖိုးရှိ ဆန်အိတ် ၁၄၀၀ တို့ကို လှူဒါန်းပြီး ဩဂုတ် ၁၅ ရက်တွင် "ထူး" ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀ လာရောက်လှူဒါန်းသည်။

ဩဂုတ် ၁၆ ရက်ထိ ပဲခူးတိုင်းဒေသကြီးရှိ ရေဘေးသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များနှင့် ကုမ္ပဏီများက ဆန်အိတ် ၂၇၅၅ အိတ်၊ ဆီပိဿာ ၂၃၂၀၊ ဆီ(ဖာ) ၂၈ ဖာ၊ ကြက်သွန်နီပိဿာ ၃၆၀၀၊ ကုလားပဲ ၂၀၅၄ ပိဿာ၊ ခေါက်ဆွဲခြောက်ထုပ် အထုပ်ကြီး ၁၀၀၀ နှင့် မျိုးစပါးတင်း ၅၀၀ တို့ကို လှူဒါန်းခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးမြို့နယ်၊ တောင်ငူမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် ကဝမြို့နယ်တို့၌ ရေကြီးနစ်မြုပ်ခဲ့သော အိမ်ထောင်စု ၅၇၅၈ စု၊ လူဦးရေ ၂၆၅၁၃ ဦးရှိသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ဩဂုတ် ၁၆ ရက်တွင် ရေပြန်ကျ၍ နေအိမ်များသို့ ပြန်လည်နေထိုင်ကြမည့်သူများအတွက် တစ်ပတ်စာ စားသုံးနိုင်ရန် ဆန်အိတ် ၁၉၉၄ အိတ်၊ ဆီ ၁၄၃၉ ဒသမ ၅ ပိဿာ၊ ကြက်သွန် ၂၈၇၉ ပိဿာ၊ ကုလားပဲ ၂၀၅၄ ပိဿာ၊ ခေါက်ဆွဲခြောက်ထုပ် ၁၀၀၀ (၄၁ ဒသမ ၅)ဖာ၊ အထွေထွေအသုံးအဆောင် ပစ္စည်းများနှင့် စားစရိတ် ငွေကျပ် ၅၇၅၈၀၀၀ တို့ကို လက်ရောက်ပေးအပ်ခဲ့ပြီး ဖြစ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ ရေဘေးကယ်ဆယ်ရေး စခန်းများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်နီ၊ ခေါက်ဆွဲခြောက်ထုပ်စသည့် တစ်ပတ်စာစားနပ်ရိက္ခာ ပေးဝေနေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ သန့်ရှင်းရေးပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေများပြန်လည်ကျသွားသဖြင့် မိမိတို့၏ နေအိမ်များသို့ ပြန်ကြတော့မည်ဖြစ်ရာ တည်းခိုနေထိုင်ခဲ့ကြသော ဘုရား၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ သန့်ရှင်းရေးကို ကုသိုလ်ယူ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဒုတိယအကြိမ် စိုက်ပျိုးစရိတ်ဖြည့်စွက်ငွေထုတ်ချေးနေမှု အခမ်းအနားသို့ တက်ရောက်ပြီး တောင်သူများအား ငွေချေးနေမှုကို ကြည့်ရှုစစ်ဆေး၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၂၈ မြို့နယ်၌ ပထမအကြိမ်တွင် တောင်သူ ၂၇၂၂၉၃ ဦး၊ စိုက်ဧက ၁၈၅၄၁၄၆ ဧကအတွက် ချေးငွေကျပ် ၃၆၉၅၆၆၂၀၀၀၀ အပေါ် ဒုတိယအကြိမ်ချေးငွေကို စပါးတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၆၉၅၆၆၂၀၀၀၀ ဖြည့်စွက်ထုတ်ချေးခြင်းဖြစ်ပြီး စုစုပေါင်းချေးငွေမှာ ငွေကျပ် ၇၃၉၁၃၂၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့ ဖောင်တော်ဦး ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်ပေး

ဩဂုတ် ၁၆ ရက်က တောင်ငူမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့်ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

ပြည်ပပို့ကုန်ပို့နေသည့် ကုန်သည်ကြီးများ ပို့ကုန် ကျဆင်းမသွားစေရေး ကုန်သွယ်ခွန်ပေးရန်မလိုဘဲ လွတ်လပ်စွာ ကုန်သွယ်နိုင်အောင် အစိုးရမှစီမံပေးခဲ့

❖ *ရှေ့ဖုံးမှ*

ကျွန်တော့်အနေနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့အား ပြည်သူများ ရွေးချယ်တာဝန်ပေးအပ်ခဲ့ပြီး တိုတောင်းတဲ့ သက်တမ်းကာလ လေးလကျော် ငါးလအတွင်း ပြည်သူများ ကိုယ်စိတ်နှစ်ပါး ချမ်းသာစေရန် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများ၊ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေးအခြေအနေနဲ့ အစိုးရရဲ့ သဘောထားရပ်တည်ချက်များကို ကြုံကြိုက်တုန်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရတက်လာစက တိုင်းပြည်ကို ကတိကဝတ်ပြုခဲ့တဲ့လုပ်ငန်းများအနက် ဦးစားပေးလုပ်ဆောင်နိုင်တဲ့ လုပ်ငန်းများကို ရွေးချယ်ပြီး ရက်ပိုင်း၊ လပိုင်းအတွင်းမှာပဲ စီးပွားရေးနဲ့ ပတ်သက်တဲ့ အဟန့်အတားအချို့ကို ဖယ်ရှားပေးခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်ရဲ့ လွတ်လပ်မှုနဲ့ ယှဉ်ပြိုင်မှုအချို့ကို ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

လက်တွေ့ခံစား

ဆင်းရဲနွမ်းပါးတဲ့ မြို့ပေါ်ရပ်ကွက်နဲ့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝကို မြှင့်တင်ပေးလိုတဲ့ဆန္ဒနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ဝန်ကြီးဌာန အသီးသီးတို့မှ အရာရှိကြီးများ၊ လူထုလူတန်းစား အလွှာအသီးသီးတို့မှ ပုဂ္ဂိုလ်များအပါအဝင်ဖြင့် နေပြည်တော်မှာ ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီအလုပ်ရုံဆွေးနွေးပွဲမှာ ရရှိလာတဲ့အကြံပေးချက်များအပေါ် လုပ်ငန်းစဉ် (၈)ရပ်ကို ရွေးထုတ်ချမှတ်ပြီး ဗဟိုမှအောက်ခြေအထိ လုပ်ငန်းကော်မတီအသီးသီးဖွဲ့စည်းကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့အတွက် ဒီကနေ့ ကျေးလက်နေတောင်သူလယ်သမားများ၊ မြို့ပေါ်ရပ်ကွက်အပါအဝင် လက်လုပ် လက်စားများနှင့် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များပါမကျန် ထိုက်သင့်တဲ့ အကျိုးကျေးဇူးများကို လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါတယ်။

တစ်ချိန်က တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ကြတဲ့ ပင်စင်စား ဝန်ထမ်းများအနေနဲ့ မလောက်မင ရခဲ့ကြတဲ့ ပင်စင်လစာကလေးနဲ့ သူတို့ရဲ့ဘဝကို ချို့ချို့တဲ့တဲ့ ရပ်တည်နေခဲ့ကြရတဲ့ အခြေအနေမှ ယခုအခါမှာ ပင်စင်လစာများ တိုးမြှင့်ပေးခဲ့တဲ့အတွက် စားနိုင်၊ နေနိုင်၊ လှူဒါန်းနိုင်တဲ့ သူတို့ရဲ့ဘဝကို ကျေနပ်နှစ်သိမ့်ပြီး ပျော်ရွှင်ချမ်းမြေ့နေကြတာကို အားလုံး မြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ဒီမြင်ကွင်းကို မြင်ကြရသူတိုင်းဟာလည်းပဲ ဒီပင်စင်စားကြီးများနဲ့ ထပ်တူထပ်မျှ ပျော်ရွှင်ကြည်နူးမိကြတာ အမှန်ပဲဖြစ်ပါတယ်။

ယခုအခါမှာ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းနဲ့ ဒေါ်လာငွေဈေး ကျဆင်းနေမှုများဟာ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကိုပါ ရိုက်ခတ်လျက်ရှိနေပါတယ်။ လွန်ခဲ့တဲ့လတွေက အမေရိကန်တစ်ဒေါ်လာ ငွေလဲနှုန်းဟာ ပြည်တွင်းငွေ ကျပ် ၈၀၀ ခန့် အချိန်အတော်ကြာ ရပ်တန့်နေသော်လည်း ယခုအခါမှာ ငွေကျပ် ၇၅၀ခန့်အထိ ကျဆင်းသွားတဲ့အတွက် ပို့ကုန်လုပ်ငန်းအချို့ ကျဆင်းခဲ့ပါတယ်။ ပို့ကုန်ကျဆင်းတာနဲ့အမျှ ပြည်တွင်းဝယ်လိုအားပါ ကျဆင်းလာပြီး ထုတ်လုပ်သူများကိုပါ ထိခိုက်လာနိုင်တဲ့အတွက် အထူးသဖြင့် မြန်မာ့စီးပွားရေးမှာ လယ်ယာထုတ်ကုန်များကိုသာ ပြည်ပပို့ကုန်အဖြစ် အားထားနေကြရတဲ့အတွက် တောင်သူလယ်သမားများ ထိခိုက်မှုမရှိစေရအောင် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရေကြီးနစ်မြုပ်

တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို ဒီနှစ်မှာ ရာသီဥတုဖောက်ပြန်မှုကြောင့် တစ်နိုင်ငံလုံး မိုးသည်းထန်စွာ ရွာသွန်းတဲ့အတွက် ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်အချို့နဲ့ ရခိုင်၊ ကရင်၊ မွန်ပြည်နယ်ရှိ မြို့နယ်အချို့တို့မှာ ရေကြီးနစ်မြုပ်မှုအန္တရာယ်ကို ယနေ့တိုင် ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတို့နဲ့အတူ စေတနာရှင်ပြည်သူများ၊ တပ်မတော်သားများရဲ့ ကူညီစောင့်ရှောက်မှုတွေကြောင့် အတန်အသင့် သက်သာရာရခဲ့သော်လည်း လယ်ယာများ ရေလွှမ်းမိုးမှု အကြိမ်ကြိမ်ကြုံတွေ့ရတဲ့ တောင်သူလယ်သမားများဟာ အထိအနာဆုံးဖြစ်ပါတယ်။

ယခုအခါမှာ တောင်သူလယ်သမားများအား မျိုးစပါးများ စီမံပေးခြင်း၊ စိုက်စရိတ်ကို ယခင် တစ်ဧက ငွေကျပ် ၂၀၀၀၀ ထုတ်ချေးရာမှ ယခုအခါ ငွေကျပ် ၄၀၀၀၀ အထိ နိုင်ငံတော်မှ တိုး၍ ထုတ်ချေးပေးခဲ့တဲ့အပြင် ပုဂ္ဂလိကငွေစုငွေချေး အသင်းများမှလည်း ပါဝင်ကူညီပြီး ဆောင်ရွက်ပေးပါတယ်။ စပါးပေါ်ချိန်မှာ တောင်သူလယ်သမားများ အရှုံးမပေါ်စေရအောင် အစိုးရနှင့် ဆန်ကုန်သည်ကြီးများ ဖက်စပ်ငွေကြေးစိုက်ထုတ်ကာ အခြေခံဈေးနှုန်းတစ်ခုဖြင့် သတ်မှတ်ဝယ်ယူပြီး နိုင်ငံတော်ရဲ့ အရန်ဆန်အဖြစ်ထားရှိရန် အစီအစဉ်သစ်တစ်ရပ်ကို ကျွန်တော်တို့ စီမံထားပြီး ဖြစ်ပါတယ်။

ပြည်ပပို့ကုန်ပို့နေတဲ့ ကုန်သည်ကြီးများ ပို့ကုန်ကျဆင်းမသွားစေရန်နဲ့ ဒေါ်လာဈေး ကျဆင်းမှုအပေါ် ထိခိုက်နစ်နာမှု သက်သာ**စေရန် ယခင်က အခွန်အကောက်အဖြစ် ကုန်သွယ်ခွန် ၈ ရာခိုင်နှုန်းကို ၅ ရာခိုင်နှုန်းသို့ လျှော့ပေးခဲ့ရာမှ ယခုအခါ အားလုံး လျှော့ပေါ့ပေးပြီး ကုန်သွယ်ခွန်ပေးရန်မလိုဘဲ လွတ်လပ်စွာ ကုန်သွယ်နိုင်အောင် နိုင်ငံတော်မှ စီမံပေးခဲ့ပါတယ်။ အခြားပို့ကုန်များနဲ့ အထည်ချုပ်လုပ်ငန်းများကိုလည်း သက်သာမှုရအောင် စီမံပေးသွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။**

မြိုးမြိုးမြို့မြို့တာ

ယခု ဒေါ်လာငွေကြေးဂယက်ဟာ မည်သည့်အတိုင်းအတာအထိ ရိုက်ခတ်မည်ကို ကြိုတင်တွက်ဆပြီး မိမိတို့ အစိုးရအပိုင်းကရော ပြည်သူများအပိုင်းကပါ သတိရှိရှိနဲ့ ကြိုတင်ပြင်ဆင်မှုများ လုပ်ထားကြဖို့ လိုအပ်ပါတယ်။ ပြည်ပကို မပို့ရသည့်တိုင် မိမိတို့တိုင်းပြည်အနေနဲ့ ပြည်တွင်းမှာ စားနပ်ရိက္ခာ ပြည့်စုံဖူလုံစွာရှိနေတဲ့အတွက် ပြည်သူများအတွက် အထူးပူပန်စိုးရိမ်စရာ မရှိပါကြောင်း ပြောကြားလိုပါတယ်။ သို့သော်လည်း ပြည်ပသွင်းကုန်များကို စိစိစစ်စစ်နဲ့ သွင်းကြရမှာဖြစ်လို့ မလိုအပ်တာတွေကို ခြိုးခြံချွေတာ သုံးစွဲကြဖို့ လိုအပ်ပါတယ်။

တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန် ဆိုသလိုပါပဲ။ ကျွန်တော်တို့အစိုးရသစ်တက်လာတဲ့ မကြာခင်မှာပဲ ကချင်ပြည်နယ်ဘက်မှာ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့တွေနဲ့ ပြဿနာဖြစ်ခဲ့ရပါတယ်။ အမှန်တော့ ဒီအဖွဲ့ဟာ ကချင်ပြည်နယ်မှာရှိတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့အဖွဲ့ မဟုတ်ပါဘူး။ ...
နိုင်ငံတော်ရဲ့ ရေအားလျှပ်စစ်စီမံကိန်း...
လုပ်ရာမှ ပြဿနာစခဲ့တာဖြစ်ပါတယ်။ ...
အတွင်းမှာ လမ်းတွေ၊ တံတားတွေ၊ ...
ဖောက်ခွဲဖျက်ဆီးခံခဲ့ရလို့ တော်တော်မျာ...
ဘယ်သူတွေ ဒုက္ခရောက်သလဲဆိုရင် ကချ...
တဲ့ တိုင်းရင်းသားတွေပဲ သွားရေးလာရေး...
ရတာဖြစ်ပါတယ်။ ယခုအခါမှာ သူတို့အ...
ရှောင်တိမ်းထွက်ပြေးနေကြရတဲ့ ပြည်သူ...
မစိုက်ကြရလို့ လာမယ့်နှစ်မှာ အဲဒီပြည်န...
ရှားပါးမှုနှင့် ကြုံတွေ့ကြရဦးမှာ ဖြစ်ပါတ...

စိတ်ရှည်သည်းခံ

ဒါကြောင့် ကချင်ပြည်နယ်က တိုင်...
ခရစ်ယာန်အသင်း၊ ယဉ်ကျေးမှုစာပေအသ...
အနေနဲ့ စစ်ကိုရပ်စဲပေးဖို့၊ ငြိမ်းချမ်း...
ကျွန်တော့်ဆီ စာတွေရေးကြပါတယ်။ ဒီစာ...
မှာ နေ့စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ တ...
တို့ပြန်ပစ်ခတ်မှုကလွဲလို့ ပစ်ခတ်တိုက်ခို...
လူသတ်၊ မိုင်းခွဲ၊ ပြန်ပေးဆွဲ၊ ဆက်ကြေး...
ဟာ တစ်ကမ္ဘာလုံးကလက်မခံတဲ့ အကြမ်းဖ...
ဒီအကြမ်းဖက်လုပ်ရပ်တွေကို အမြန်ရပ်...
ပြည်နယ်အစိုးရနဲ့ ငြိမ်းချမ်းရေးဆွေးနွေး...
အစိုးရက ပြည်နယ်အစိုးရကို ညွှန်ကြားထ...
ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ငြိမ်းချ...
တစ်ဖွဲ့ ဖွဲ့စည်းပြီး အကြိမ်ကြိမ်ဖိတ်ခေါ်ဆွေ...
တယ်။ ကိုယ့်တိုင်းရင်းသားတွေဖြစ်လို့ ...
သည်းခံပြီး ငြိမ်းချမ်းရေးအတွက် မျှော်လ...

ဒီ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့တင် မ...
နဲ့ ကရင်ပြည်နယ်မှာရှိတဲ့ အစိုးရကိုဆန့်ကျင်...
ကိုင်အဖွဲ့မဆို ငြိမ်းချမ်းရေးရယူလိုတဲ့ဆန္ဒရှိရ...
အစိုးရအဖွဲ့နဲ့ အချိန်မရွေး ဆွေးနွေးနိုင်ပါတ...
လမ်းဖွင့်ပေးထားပါတယ်။ ကျွန်တော်တို့ ...
အနေဖြင့် ဒို့တာဝန်အရေး (၃)ပါးကို အဓိက...
ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်...

> **ဒီ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့တင် မဟုတ်ပါဘူး။ ရှမ်းပြည်... ပြည်နယ်မှာရှိတဲ့ အစိုးရကိုဆန့်ကျင်နေတဲ့ မည်သည့်လက်နက်... ငြိမ်းချမ်းရေးရယူလိုတဲ့ဆန္ဒရှိရင် သက်ဆိုင်ရာ ပြည်နယ်အစိုးရအ... မရွေး ဆွေးနွေးနိုင်ပါတယ်။ ဒီကိစ္စ ကျွန်တော်တို့ လမ်းဖွင့်ပေး... ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေး... အဓိကထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွ... ဖြစ်ပါတယ်။**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၃၅	၆။	မျိုးချစ်တပ်မတော်
၇း၄၀	၇။	မြန်မာ့ရှုခင်း
၇း၄၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၃	၄။	အဖွင့်သီချင်း
၄း၁၀	၅...	
၄း၂၀	...	
၄း၃၅	...	
၄း၄၅	...	
၄း၅၀	...	
၅း၀၀	၁၀...	
၅း၁၀	၁၁...	
၅း၃၀	၁၂...	
၆း၀၀	...	
၆း၁၅	...	
၆း၃၀	...	
၆း၄၅	...	
၇း၀၀	...	
၈း၀၀	...	

18-8 (08-09).pmd 1 8/18/2011, 2:28 AM

ကို ကိုယ်စားပြုတဲ့အဖွဲ့ မဟုတ်ပါဘူး။ ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံတော်ရဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေကို ဖျက်လိုဖျက်ဆီး လုပ်ရာမှ ပြဿနာစခဲ့တာဖြစ်ပါတယ်။ ယခုအခါ ဗန်းမော်ခရိုင်အတွင်းမှာ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်တာဝါတိုင်တွေ ဖောက်ခွဲဖျက်ဆီးခံခဲ့ရလို့ တော်တော်များများ ပျက်စီးကုန်ပါပြီ။ ဘယ်သူတွေ ဒုက္ခရောက်သလဲဆိုရင် ကချင်ပြည်နယ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေပဲ သွားရေးလာရေးခက်ခဲပြီး ဒုက္ခရောက်ကြရတာဖြစ်ပါတယ်။ ယခုအခါမှာ သူတို့အန္တရာယ်ကိုကြောက်လို့ ရှောင်တိမ်းထွက်ပြေးနေကြရတဲ့ ပြည်သူတွေဟာ စိုက်ချိန်ပျိုးချိန်မှာ မစိုက်ကြရလို့ လာမယ့်နှစ်မှာ အဲဒီပြည်နယ်အတွင်း ဆန်ရေစပါးရှားပါးမှုနှင့် ကြုံတွေ့ကြရဦးမှာ ဖြစ်ပါတယ်။

စိတ်ရှည်သည်းခံ

ဒါကြောင့် ကချင်ပြည်နယ်က တိုင်းရင်းသားပြည်သူတွေနဲ့ ခရစ်ယာန်အသင်း၊ ယဉ်ကျေးမှုစာပေအသင်း စတဲ့ အသင်းအဖွဲ့တွေအနေနဲ့ စစ်ကိုရပ်စဲပေးဖို့၊ ငြိမ်းချမ်းရေး အမြန်ရယူပေးဖို့ ကျွန်တော့်ဆီ စာတွေရေးကြပါတယ်။ ဒီစာတွေကိုလည်း သတင်းစာမှာ နေ့စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ တပ်မတော်အပိုင်းကတော့ တုံ့ပြန်ပစ်ခတ်မှုကလွဲလို့ ပစ်ခတ်တိုက်ခိုက်မှုတွေ မလုပ်ပါဘူး။ လူသတ်၊ မိုင်းခွဲ၊ ပြန်ပေးဆွဲ၊ ဆက်ကြေးကောက် စတဲ့ လုပ်ရပ်တွေဟာ တစ်ကမ္ဘာလုံးကလက်မခံတဲ့ အကြမ်းဖက်လုပ်ရပ်တွေဖြစ်ပါတယ်။ ဒီအကြမ်းဖက်လုပ်ရပ်တွေကို အမြန်ရပ်ဆိုင်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရနဲ့ ငြိမ်းချမ်းရေးဆွေးနွေးကြဖို့ ကျွန်တော်တို့ ဗဟိုအစိုးရက ပြည်နယ်အစိုးရကို ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ငြိမ်းချမ်းရေးဆွေးနွေးရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး အကြိမ်ကြိမ်ဖိတ်ခေါ် ဆွေးနွေးနေတယ်လို့ သိရပါတယ်။ ကိုယ့်တိုင်းရင်းသားတွေဖြစ်လို့ ကျွန်တော်တို့ စိတ်ရှည်သည်းခံပြီး ငြိမ်းချမ်းရေးအတွက် မျှော်လင့်စောင့်စားနေပါတယ်။

ဒီ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့တင် မဟုတ်ပါဘူး။ ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်မှာရှိတဲ့ အစိုးရကိုဆန့်ကျင်နေတဲ့ မည်သည့် လက်နက်ကိုင်အဖွဲ့မဆို ငြိမ်းချမ်းရေးရယူလိုတဲ့ဆန္ဒရှိရင် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ အချိန်မရွေး ဆွေးနွေးနိုင်ပါတယ်။ ဒီကိစ္စ ကျွန်တော်တို့ လမ်းဖွင့်ပေးထားပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေး (၃)ပါးကို အဓိကထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဖွဲ့တင် မဟုတ်ပါဘူး။ ရှမ်းပြည်နယ်နဲ့ ကရင် ကျင်နေတဲ့ မည်သည့်လက်နက်ကိုင်အဖွဲ့မဆို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ အချိန် ိစ္စ ကျွန်တော်တို့ လမ်းဖွင့်ပေးထားပါတယ်။ ရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေး (၃) ပါးကို ခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမှာ

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၃၅	၆။	မျိုးချစ်တပ်မတော်
၇း၄၀	၇။	မြန်မာ့ရှုခင်း
၇း၄၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၃	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၃၅	၇။	ဗွီစီဒီကျော်ကြားတေး
၄း၄၅	၈။	မွေးမြူသုတ
၄း၅၀	၉။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၁၀။	သန့်စွာကိုင်လေ စက္ကူငွေ
၅း၁၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၉၂)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	**ထူးဆန်းထွေလာ မျက်လှည့်ပညာ**
၆း၄၅	၁၆။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၉)
၇း၀၀	၁၇။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း -၁၆)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	အနုပညာရှင်၏တစ်နေ့တာ
	၂၄။	ကုန်သွယ်သုတ
	၂၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၃၁)
	၂၇။	ဂီတရင်ခုန်သံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်တွင်းမှာရှိတဲ့ သဘောထားအမြင်ချင်းမတူကြတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကိုလည်း မတူကွဲပြားတာတွေကို ဘေးဖယ်ထားပြီး တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိစေမယ့် ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ ကျွန်တော်တို့ အမြဲဖိတ်ခေါ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကို ရောက်နေကြတဲ့ မြန်မာနိုင်ငံသား တိုင်းရင်းသားများကိုလည်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သွားတာမရှိဘူးဆိုရင် အချိန်မရွေး ပြန်လာနိုင်ဖို့ ကျွန်တော်တို့ စဉ်းစားပေးမှာဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်ခဲ့သည့်တိုင် ထိုက်သင့်တဲ့ပြစ်ဒဏ်ခံယူဖို့ ပြန်လာမယ်ဆိုရင်တောင် ကျွန်တော်တို့ သဘောထားကြီးစွာနဲ့ စဉ်းစားပေးမှာဖြစ်ပါတယ်။

ရိုးသားတဲ့ စိတ်ရင်းစေတနာရှိသူတိုင်းဟာ ကိုယ့်နိုင်ငံကို ချစ်ကြပါတယ်။ ကိုယ့်နိုင်ငံကို ကောင်းစားစေလိုကြပါတယ်။ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ နေလိုကြပါတယ်။ ကိုယ့်မြေ၊ ကိုယ့်ပြည်၊ ကိုယ့်ဆွေမျိုး အသိုင်းအဝိုင်းကို ခင်တွယ်ကြပါတယ်။ ငြိမ်းချမ်းသာယာဝပြောတဲ့ လူ့ဘောင်အဖွဲ့အစည်းကြီးကို ထူထောင်လိုကြပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ တူညီတဲ့ဆန္ဒဖြစ်ပါတယ်။ ဒီ Common Ground ပေါ် အခြေခံပြီး ငြိမ်းချမ်းသာယာတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါနေနိုင်တဲ့နိုင်ငံဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ကြဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားရရင် -

ဒီကနေ့ အချိန်အခါဟာ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်နဲ့ အသစ်တစ်ဖန် ပြန်တည်နေရတဲ့အချိန်ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေ ရှိနေသလို အခွင့်အလမ်းကောင်းတွေလည်း ရှိနေပါတယ်။ စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံကျော်လွှားပြီး အခွင့်အလမ်းကောင်းတွေကို အရအမိ ဆုပ်ကိုင်ထားဖို့ လိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းစဉ်တစ်လျှောက်မှာ မတည်မငြိမ် မအေးမချမ်းနဲ့ ကုန်လွန်သွားခဲ့ရတဲ့ကာလတွေကို အလွန်နှမြောဖို့ ကောင်းပါတယ်။ လွတ်လပ်ရေးရပြီးစက ကျွန်တော်တို့ထက်နိမ့်ကျတဲ့ နိုင်ငံတွေ၊ တန်းတူရည်တူ နိုင်ငံတွေဟာ ကျွန်တော်တို့နိုင်ငံကို များစွာကျော်ဖြတ်သွားကြပြီ ဖြစ်ပါတယ်။ ဒီအချိန်ဟာ ရန်ဖြစ်ငြင်းခုံနေကြရမယ့် အချိန်၊ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြစ်ရှာ၊ အပြစ်ပြောနေကြရမယ့် အချိန်မဟုတ်တော့ပါဘူး။ စည်းလုံးညီညွတ်ကြရင် ကြီးပွားတိုးတက်နိုင်တဲ့ ရေခံမြေခံကောင်းတွေ ကျွန်တော်တို့တိုင်းပြည်မှာ ရှိပြီးဖြစ်ပါတယ်။ ဒီနိုင်ငံဟာ နိုင်ငံသားအားလုံးပိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ ပျက်စီးဆုံးရှုံးမသွားရအောင် နိုင်ငံသားတိုင်းအားလုံး ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်သွားကြဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်အတွက် ကောင်းတဲ့အမွေခံပတ်ဝန်းကျင်ကို တည်ဆောက်သွားကြဖို့ လိုအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၇

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၆	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၂	ကယားပြည်နယ်	၂၄	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၃	ကရင်ပြည်နယ်	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၄	ချင်းပြည်နယ်	၂၄	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၁	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၂၉	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၉	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၀	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၂၈	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၁	မွန်ပြည်နယ်	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၁	၁၇	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၇	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၉	၂၁	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၂၈	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှအားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မိဖုရားမွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မိဖုရားကြီး Sirikit ၏ (၇၉)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ် (International Institute of Abhidhamma) သို့ အလှူငွေ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ အဆိုပါတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ်ဥက္ကဋ္ဌနှင့် ဒုတိယပါမောက္ခချုပ် ဦးမြသန်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လက်ခံ

ယင်းနောက် သံအမတ်ကြီးက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၅၀၀ ကို ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ်ဥက္ကဋ္ဌနှင့် ဒုတိယပါမောက္ခချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

တောင်ကြီးတက္ကသိုလ် နှစ်(၅၀)ပြည့်ရွှေရတုသဘင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် ဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီတွင် တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ အဆောက်အအုံရှေ့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်တို့က ရွှေရတုသဘင် အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ ဘက်စုံခန်းမရှေ့၌ အထိမ်းအမှတ်အဖြစ် ခါတော်မီသစ်ပင်ကို စိုက်ပျိုးပေးသည်။ အဆိုပါဘက်စုံခန်းမရှေ့၌ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲတွင် ခါတော်မီ၊ မန်ကျည်းရှား၊ သစ်လွှ၊ မင်းဘူးနှင့် ကျွန်းပင်စုစုပေါင်း ၅၁ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၇/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိပြီး အမှာစကား ပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များ၊ သင်တန်းသားများအား နာဂစ်ကိုအောင်နိုင်ခြင်း ဗီဒီယိုမှတ်တမ်းခွေများကိုပြသပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ N.G.O များမှ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသား စိစစ်ရေးကတ်ပြား ပြည်မြို့၌ပေးအပ်

ပြည် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက အထက(၃) ကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားအရည်အချင်းပြည့်မီသည့် ကျောင်းသားကျောင်းသူ ၂၀၅ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးဌာနမှူးက ကျောင်းအုပ်ဆရာမကြီး ဒေါက်တာအေးအေးစမ်းထံသို့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ) **(မြို့နယ် ပြန်/ဆက်)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ ၁၇-၈-၂၀၁၁

လပွတ္တာမြို့နယ်၌ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များဖွင့်ပွဲအခမ်းအနားကို မြို့နယ် ရွှေနဒီခန်းမ၌ ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာစိန်လှိုင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက ကလေးများအား ဗီတာမင်အားဆေး တိုက်ကျွေးကြပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နို့တိုက်မိခင်များအား ဗီတာမင်ဘီ-ဝမ်းဆေးပြားများဖြန့်ဝေပေးကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကလေးများအား သန်ချဆေးများ တိုက်ကျွေးကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

အင်းတိုင်၌ ကျင်းပ

ဩဂုတ် ၈ ရက်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် အထက(အင်းတိုင်)တွင် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်၊ ဒေါ်သီသီတင် မိသားစုက မူလတန်းကျောင်းသား ကျောင်းသူများအားနို့သာဂူတိုက်ကျွေးစဉ်။(မြန်မာ့အလင်း)

တပ်ကုန်းမြို့နယ်၌ ကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဒုတိယပတ်အဖြစ် ငါးနှစ်အောက် ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား သန်ချဆေး၊ သံဓာတ်အားဆေး၊ ဗီတာမင်ဘီ-ဝမ်း ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဩဂုတ် ၁၃ ရက်က ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ စုပေါင်းဆောင်ရွက်ကြစဉ်။ (ဝ၂၁)

ငါးသယံဇာတဖွံ့ဖြိုးတိုးတက်စေရေး အမြို့မြို့အနယ်နယ်၌ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ ၁၇-၈-၂၀၁၁

မော်လမြိုင်ကျွန်း၌ စပါးခင်းများအတွင်း ငါးရှဥ့်မျိုးစိုက်ထည့်

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးရှဥ့်လုပ်ငန်းရှင်များ ပူးပေါင်းကျင်းပသော ငါးမျိုးများရေရှည်တည်တံ့ရေးနှင့် ငါးသယံဇာတတိုးပွားစေရေးအတွက် စပါးခင်းများအတွင်း ငါးရှဥ့်မျိုးစိုက်ထည့်မွေးမြူပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာ လယ်မြေစပါးခင်းများအတွင်း ကျင်းပသည်။

စိုက်ထည့်မွေးမြူ

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးနှင့် ဝန်ထမ်းများ၊တန့်ငူကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မင်းနှင့် ဒေသခံကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများက ငါးရှဥ့်ကောင်ရေ ၇၀၀၀ ကျော်ကို ကွမ်းခြံချောင်းကျေးရွာ စပါးခင်းများအတွင်း စိုက်ထည့်မွေးမြူခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၆၅)

ကျောက်တံခါးမြို့နယ် ရဲနွယ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ငါးထုတ်လုပ်မှုမြင့်မားစေရေး အတွက် ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပသည်။

မျိုးစိုက်ထည့်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မိုးဆွေနှင့်ဝန်ထမ်းများ၊ရဲနွယ်ဆည်မှတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံပြည်သူများ စုပေါင်း၍ ငါးမြစ်ချင်းကောင်ရေ ၄၀၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ငပုတော၌ ငါးမွေးကန်များအတွင်း ငါးမျိုးစိုက်ထည့်

ငပုတော ဩဂုတ် ၁၇

ငပုတောမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ငါးမွေးကန်များအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၂ ရက်က ငပုတောမြို့နယ် ဆင်းအိုးဖိုအောက်ကျေးရွာနှင့် လိပ်ချောင်းကျေးရွာများတွင် ကျင်းပသည်။

စိုက်ထည့်ပေး

အဆိုပါ အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်သား၊ ငါးကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူးဦးလှအောင်သိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ဦးအမောင်၏ပေါင်းစည်းလယ်ယာအတွင်းရှိ ငါးမွေးမြူရေးကန်အတွင်းသို့ ရေချိုငါးခုံးမကြီး ၉၀၀၊ ငါးမြစ်ချင်း၇၀၀၊ ဦးအောင်ငြိမ်း၏ ငါးကန်ထဲသို့ ငါးမြစ်ချင်း ၆၀၀၊ ရေချိုငါးခုံးမကြီး ၉၀၀နှင့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူ ၂၁ ဦး၏ ကန်အတွင်းသို့ ရေချိုငါးခုံးမကြီး ၁၀၅၀၀ တို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

ကျိုက်မရောမြို့ အတ္တရံဥယျာဉ်အတွင်း ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၂၉ ရက်က အမှုဆောင်အရာရှိ ဦးမျိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ချင်းပြည်နယ်ဝန်ကြီးချုပ် မြို့မဈေးနှင့် ပြည်သူ့ဆေးရုံဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၇

ချင်းပြည်နယ် ဟားခါးမြို့ရှိ မြို့မဈေးအတွင်းအပြင် ရေနုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးများ၊ အမှိုက်သရိုက်များ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၃ ရက် နံနက် ၇နာရီတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်တရားသူကြီးများ၊ ပြည်နယ်ရှေ့နေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က လိုက်လံကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများကို အနည်းဆုံး တစ်ပတ် တစ်ကြိမ် သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် ရေစီးမြောင်းများပြုပြင်ရေး၊ အမှိုက်များ စည်းကမ်းတကျစွန့်ပစ်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟားခါးမြို့ ပြည်သူ့ဆေးရုံအတွင်းအပြင် သန့်ရှင်းသာယာလှပရေး ပန်းများစိုက်ပျိုးထားရှိမှု၊ ရေနုတ်မြောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးများ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်းကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်လူနာများ စိတ်ကြည်လင်စေရန်အတွက် ဆေးရုံဝင်းအတွင်း ပန်းအလှပင်များထပ်မံစိုက်ပျိုးရေး၊ သန့်ရှင်းသာယာလှပရေးကို အလေးထားပုံမှန် ဆောင်ရွက်ရေး၊ လူသွားလမ်းများ ကောင်းမွန်ရေးဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်တို့ ဇူလိုင် ၃၀ ရက်က မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ပန်းခြံရှေ့ ရုံးလမ်းဘေး အုတ်ရေမြောင်းပြုလုပ်ခြင်းနှင့် လမ်းဘေးတစ်လျှောက် ပန်းအလှပင်များ ပုံဖော်စိုက်ပျိုးခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အလီမွာ စာမှာရှိ

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးဝင်းအတွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် ဇနီး၊ သံမှူးကြီး၊ စစ်သံမှူးနှင့် သံရုံးမိသားစုများ၊ ဝန်ထမ်းများ၊ ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် အင်ဒိုနီးရှား နိုင်ငံတကာကျောင်း (ရန်ကုန်) (Indonesia International School-Yangon)မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီးက ယနေ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့ဖြစ်ကြောင်း ပြောကြားပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ်အလံကို လွှင့်တင်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲဝင်ရန် မြန်မာလူငယ် ဂူရှူးအဖွဲ့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် (၆)ကြိမ်မြောက် အာရှတံခွန်စိုက် ဂူရှူးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂူရှူးအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်မင်းထွဏ်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

မြန်မာလူငယ်ဂူရှူးအဖွဲ့တွင် အုပ်ချုပ်သူများအဖြစ်(ထောက်လှ) ဦးခွန်ဂျာအောင်၊ (ဆန်းညို)ဦးထွန်းထွန်းဦး၊ ဒိုင်လူကြီးများအဖြစ် ဦးခင်စိုး၊ ဦးအောင်စည်သူ၊ နည်းပြများအဖြစ် ဦးနိုင်နိုင်အောင်၊ ဦးအောင်လွင်၊ ကစားသမားများအဖြစ် အမျိုးသား- ကျော်ဇင်သစ်၊ စိန်သီဟအောင်၊ ဝေလျှံထွန်းသိန်း၊ ဝင်းမော်ဦး၊ ဝေယံလင်း၊ အမျိုးသမီး- သန့်စုစန်၊ မြတ်သွယ်ဆုဝေဖြိုး၊ အေးသန္တာမြင့်၊ သူထူးစံနှင့် စုလှိုင်ဦးတို့ လိုက်ပါသွားကြသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များဆက်

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံးထွက်ပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲတွင် အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ (ဂဂ)အုပ်စုပထမ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက (ကက)အုပ်စု ဒုတိယ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

ဩဂုတ် ၁၈ ရက်တွင် (ဃဃ)အုပ်စုပထမ သတ္တုတွင်းဝန်ကြီးဌာန အသင်းနှင့် (ခခ)အုပ်စု ဒုတိယ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လူရွေးပွဲကျင်းပ

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၇

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်ပြိုင်ပွဲနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် နောက်ဆုံးလူရွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း သိမ်ဖြူအားကစားခန်းမ လက်ဝှေ့ရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။

ပြိုင်ပွဲနေ့ ပထမနေ့ပွဲစဉ်များအဖြစ် အမျိုးသားသက်ငယ်တန်း ၄၀/ ၄၂/ ၄၄/ ၄၈/၅၂ ကီလိုတန်း၊ အမျိုးသားအလွတ်တန်း ၄၆/၅၆/၆၀ ကီလိုတန်း၊ အမျိုးသမီးသက်ငယ်တန်း ၅၂/၄၆ ကီလိုတန်းများ ယှဉ်ပြိုင်ကြသည်။ **(ဝဲပုံ)**

ဝင်ရောက်ကြည့်ရှုနိုင်

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၂ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ စတင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၁၁(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၆:၃၀ MRTV-4 သတင်း
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၉)
- ၇:၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Brazil Vs Mexico) (Live)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၄၁)
- ၁၀:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၁၀ The Champion of Dance
- ၁၁:၄၀ ပေါင်းစုလို့ဆင်နွှဲ ခုနစ်ရက်သားသမီးအမြဲတမ်း အလှူရှင်များအဖွဲ့၏ အလှူပွဲ
- ၁၂:၀၀ Activities in the City (မင်းကွန်းဓမ္မသာရ ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ)
- ၁၂:၁၅ ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ (အပိုင်း-၂)
- ၁၂:၄၀ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ အဘိဓမ္မာ (၇)ကျမ်း သာသနာပြုမှတ်တမ်း
- ၁:၀၀ **ဝိပဿနာအခြေခံ (၅)ပါး** တရားတော် (ကွမ်းခြံကုန်း ဆရာတော် အရှင်ဘောဂ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Quiz Idol
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၉)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း -၄၁)
- ၅:၀၅ Activities in the City (Premier Full Cream Milk Powder မိတ်ဆက်ပွဲအခမ်းအနား)
- ၅:၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အသည်းတံခါးများ ဟစ်ဟစ်**
- ၅:၄၅ Activities in the City **သေချာလို့ပြောတာပါ** တေးစီးရီး မိတ်ဆက်ပွဲအခမ်းအနား
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၀)
- ၇:၁၀ Style ရှိမှ Star ဖြစ်မယ်
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ **စကားနှပန်း** သူများစကားနားထောင်တာ ကောင်းတယ်၊ သူများစကားနားမထောင်တာ ကောင်းတယ်
- ၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၄၂)
- ၁၀:၂၀ အနုပညာမိုးကောင်းကင်
- ၁၀:၄၅ ဆီထွက်သီးနှံများထဲမှ ဆီအုန်း
- ၁၀:၅၅ သင်ယူလေ့လာ ဂီတပညာ (Vocal Training Module-3)
- ၁၁:၂၀ ရောင်စုံပန်းတို့အလှခြယ်ရာ···· ကမ်းလင့်မေတ္တာဖေးကူပါ
- ၁၁:၃၅ ဦးဆုံးအစ ဘဝရဲ့အလှ (ဂျင်နီ)
- ၁၁:၅၀ ဘေးမဲ့တောလေး တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၁၂:၀၀ စွဲမက်ဖွယ်ရာ ရတနာ (စိန်ကျောက်အလား ဥဿဖရား) (အပိုင်း-၁)
- ၁၂:၃၀ မွေးကင်းစကလေး ပြုစုစောင့်ရှောက်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသိန်း၊ ခိုင်သင်းကြည်)
- ၁:၁၅ မြန်မာ့ရေကြောင်းပညာတက္ကသိုလ် အကြောင်း သိကောင်းစရာ
- ၂:၀၀ အလှပန်းများ လန်းစေချင်သည် (သန်းသန်းစိုး၊ နီဗယ်ကျော်ကျော်)
- ၂:၀၅ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများ အတွက် Barrier Free
- ၂:၃၀ ဝိရောဓိ Contra
- ၂:၄၀ Orchard Families (အပိုင်း-၂)
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထန်းတပင်မြို့နယ်၌ မြစိမ်းရောင်ချောင်း ပြန်လည်တူးဖော်

ထန်းတပင် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၃၀၀၀ ကျော်အတွက် မိုးစပါးစိုက်ပျိုးချိန် ရေကြီးနစ်မြုပ်ခြင်းမရှိစေရန်နှင့် နွေစပါးစိုက်ပျိုးချိန် ကာလ၌လည်း ရေလုံလောက်စွာရရှိစေရန်အတွက် ဆည်မြောင်းဦးစီးဌာနမှကြီးမှူး၍ တူးချောင်းကျေးရွာအုပ်စုအတွင်းရှိ မြစိမ်းရောင်ချောင်းကို စက်ယန္တရားဖြင့် ဩဂုတ် ၁၂ရက်မှ စ၍ပြန်လည်တူးဖော်လျက်ရှိသည်။

အဆိုပါမြစိမ်းရောင်ချောင်း ပြန်လည်တူးဖော်ဖောက်လုပ်ရာသို့ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရ၊ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးတို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ဦးတို့က မြစိမ်းရောင်ချောင်း ထပ်မံပြန်လည်တူးဖော်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၄၈)

သန်လျင်မြို့ ဘုရားကုန်းကျေးရွာအုပ်စု ဆုတောင်းပြည့်ဘုရားစာသင်ခန်းမတွင် ဩဂုတ် ၁၄ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ကျင်းပရာ သန်လျင်တောင်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်းအောင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးညွန့်သိန်းတို့က နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၃၀၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ်ဦးစီး)

မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၇

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် International Bakery & Pastry Course နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း အပတ်စဉ်အသစ်ကို ဩဂုတ်လနောက်ဆုံးပတ်အတွင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအဖွဲ့ (MTB)၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကာလအတွင်း Sandwich / Pizza / Burger / Hot Dog စသည့် Fast Food ပြုလုပ်နည်းများ၊ Danish / Puff / Croissant ပြုလုပ်နည်းများ၊ ပေါင်မုန့်မျိုးစုံ၊ French Baguette/ Onion Bread / Garlic Bread စသည့် Hard Bread ပြုလုပ်နည်းများ၊ Butter Cake / Chocolate Cake / Muffin စသည့် အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ Cookies / Doughnut / Sweet Dough / Eclair စသည်တို့အပြင် အခြားမုန့်အမျိုးပေါင်း ၆၀ ကျော်ပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ Food Safety ၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ စနစ်တကျသင်ကြားပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Management Academy တိုက် (၂၆၇)အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁ ၂၂၅၆ သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကွန်ဟိန်းမြို့နယ်၌ အုတ်ရေကန်တည်ဆောက်

ကွန်ဟိန်း ဩဂုတ် ၁၇

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် အမှတ်(၃)ရပ်ကွက်တွင် အုတ်ရေကန်တည်ဆောက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးနှင့် အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကွင်းဆင်းဆောင်ရွက်

အောင်လံမြို့တွင် အနေးယာဉ်နှင့် ဆိုက်ကားများ လိုင်စင်သက်တမ်းတိုးမြှင့်လဲလှယ်ပေးခြင်းကို ဩဂုတ် ၈ ရက်က ဒုတိယဦးစီးမှူး ဦးစောသိန်းဦး၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်သန်းသန်းအေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဝေါမြို့နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ဝေါမြို့နယ်အသင်း (ရန်ကုန်) ဒုတိယအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက် နံနက်က စမ်းချောင်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကျောင်းတိုက် ရွှေတောင်တိုက်သစ် စာသင်တိုက်ကျောင်းတွင် ကျင်းပရာ ရှေးဦးစွာ သက်ကြီးဘိုးဘွား ၄၃ ဦးတို့အား အသင်းသူ အသင်းသားများက ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများအား တစ်ဦးချင်းပေးအပ်သည်။ ထို့နောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစံရင်က အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ မတိုးရတနာဝင်း **(အပေါ်ပုံ)**နှင့် ထူးချွန်သူများအား အသင်းဥက္ကဋ္ဌ ဦးစံရင်က ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (ဝဝ၇)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၇

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲ သပြုကုန်းအုပ်စု ညောင်ပင်သာ ပျဉ်ထောင်တွင်းကျေးရွာ ရတနာစာကြည့်တိုက်သို့ စာအုပ် စာစောင် လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်က ကျင်းပရာ သပြုကုန်းအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလှိုင်က စာအုပ် စာစောင်များကို လှူဒါန်းသဖြင့် စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

မုဒုံမြို့၌ ငွေစုငွေချေး သမဝါယမအသင်းစည်းဝေး

မုဒုံ ဩဂုတ် ၁၇

မုဒုံမြို့ မြတ်ပညာ ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက် ၁၀နာရီက အမက စာစင်လမ်းမကြီးကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးငွေသိန်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမင်းသောင်းဟန်က တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များနှင့် အသင်းဝင်တစ်ဦးက ဘဏ္ဍာရေးရှင်းတမ်းနှင့်အမြတ်ခွဲဝေမှုစာရင်းတို့ကို ရှင်းလင်းတင်ပြကာ အမှုဆောင်သစ်များကို ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပြင်ဦးလွင်မြို့နယ် ညောင်နီသော ရွှေစာကြည့်တိုက်အဆောက်အအုံအသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမိုးကျော်အောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညိုလေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ***(အောက်ဝဲပုံ)***

ထို့နောက် အလှူရှင်များက စာအုပ်စာစောင်များနှင့်စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေများကိုပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်း၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာရပ်မိရပ်ဖများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ ရွှေစာကြည့်တိုက်အား နိုင်ငံတော်မတည်ငွေ၊ ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေနှင့် မြေနေရာအလှူရှင်မှ မြေလှူဒါန်းခြင်းအပါအဝင် စုစုပေါင်း ငွေကျပ် ၃၂သိန်း ကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ ***(ခရိုင် ပြန်/ဆက်)***

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အထက(၁)ဒဂုံမှ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအားလုံး အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၁-၈-၂၀၁၁ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - ဒဂုံသီရိခန်းမ၊ အထက(၁)ဒဂုံ
အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

၂၀၁၀-၂၀၁၁ ပညာသင်နှစ်
တက္ကသိုလ်ဝင်တန်းအောင်
ကျောင်းသား၊ ကျောင်းသူများ
အထက(၁)ဒဂုံ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ မြန်မာ့လယ်ယာနှင့်စက်မှုသုံးရော်ဘာပစ္စည်း ထုတ်လုပ်ရေးဌာနတွင် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အပြိုင် ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Burmay Clay	၄၅ တန်
၂။	CC	၉ တန်
၃။	SBR	၁.၅၀ တန်
၄။	Zinc Oxide	၁.၅၀ တန်
၅။	Stearic Acid CH-110	၁.၅၀ တန်
၆။	EPDN	၁ တန်
၇။	Cotton Cloth	၃၂၀၀၀ ကိုက်
၈။	Steel Wire	၁.၅၀ တန်
၉။	Cord TC 2"5	၆.၅၀ တန်
၁၀။	Local Carbon	၁၇ တန်
၁၁။	Bladder 600x12	၇၀ လုံး
၁၂။	Bladder 400x 8	၁၀၀ လုံး

၂။ တင်ဒါပိတ်ရက်မှာ ၂၄-၈-၂၀၁၁ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း
ကမ္ဘာအေးဘုရားလမ်း၊ စိမ်းလဲ့မေရိပ်သာလမ်းသွယ်
ရန်ကင်းမြို့နယ်။
ဖုန်း-၀၁-၆၆၆၀၂၃၊ ၀၁-၆၆၇၂၂၈၊ ၀၁-၆၆၀၆၂၃

အမည်ပြောင်း
ဦးကျော်ဝင်းလှိုင် ၁၁/စတန(နိုင်)၀၄၇၈၉၉ ၏ သမီး အထက-၂ စစ်တွေ၊ န၀မတန်း(B)မှ မသိမ့်အိန္ဒြာကျော်အား မအိန္ဒြာသိမ့်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိန္ဒြာသိမ့်**





ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၅-၂၀၁၁ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ ၁၅၊ အမှတ်စဉ်(၄)တွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခဲ့ရာ ဖော်ပြထားသော မြေကွက်အမှတ် ၄၃၈ G ၃/E၂+၄၃၈ G ၃/D ၁A +၄၃၈G ၃/E ၃.A ၃ အစား မြေကွက်အမှတ် ၄၃၈ G၃/E ၂+၄၃၈ G ၃/D၁ A+၄၃၈G၃/E၃. A၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

အလုံ၊ အထက-၄ Grade V-C မှ မနိုးနိုးလွင်၏ဖခင်အမည်မှန်မှာ ဦးဝင်းလွင် ၆/မအရ(နိုင်) ၀၈၆၂၇၂ ဖြစ်ပါသည်။

အမည်ပြောင်း

အထက-၂ စမ်းချောင်း ဒုတိယတန်း(E)မှ ဦးယဉ်ထွေး၏ သား မောင်ကာရန်ယဉ်ထွေးကို မောင်ကာရံယဉ်ထွေးဟု ပြောင်းလဲခေါ်ပါရန်။
မောင်ကာရံယဉ်ထွေး

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ထွန်းထွန်းအေး၏ 4-Ticket No-BST.33224/07 လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၄၃၀၆၇၀၆၉

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ပတ်စပို့စာအုပ်အမှတ် ၃၆၀၂၀၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ကျော်ကျော်**
ဖုန်း-၂၆၉၂၇၄

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် တက/၆၀၀၅၊ ယာဉ်အမျိုးအစား ဟွန်ဒါဒရင်း၊ ယာဉ်လက်ဝယ်ရှိသူ ဦးဘိုနီ ၁၃/တကန(နိုင်) ၁၅၀၈၃၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ဥတုရာသီ တောက်ကို မှီ၍

ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်သစ် စတင်ပြေးဆွဲ

ရန်ကုန် ဩဂုတ် ၁၇

ရွှေစင်စကြာ အဆင့်မြင့်ယာဉ်လိုင်း၏ ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်သစ်ကို ဇူလိုင် ၃၁ရက်မှ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ယာပုံ)**

ပို့ဆောင်ပေးမည်

ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်သစ်သည် ရန်ကုန်မြို့မှ ညနေ၅နာရီခွဲတွင် စတင်ထွက်ခွာပြီး နံနက် ၅နာရီခွဲတွင် ညောင်ဦးမြို့ လက်ပန်ခြေပေါ် ဇက်ဆိပ်သို့ ရောက်ရှိကာ အစောဆုံးဇက်ရေယာဉ်ဖြင့် ရေ၀တီမြစ်ကိုဖြတ်ကူး၍ ပခုက္ကူမှ ကံမမြို့အထိ ပို့ဆောင်ပေးမည်ဖြစ်သည်။ ပခုက္ကူ-ကံမမြို့မှ မွန်းလွဲ ၁ နာရီခွဲတွင် စတင်ထွက်ခွာပြီး ရန်ကုန်မြို့သို့ နံနက် ၄ နာရီခန့်တွင် ရောက်ရှိမည်ဖြစ်သည်။

တိုက်ရိုက်ရောက်ရှိ

ယခင် ရန်ကုန်မှ ပခုက္ကူသို့ သွားလျှင် ညောင်ဦးမြို့မှ ရေ၀တီမြစ်ကိုဖြတ်ကာ မော်တော်စီးပြီး ပခုက္ကူသို့ သွားခဲ့ရသော်လည်း ယခု ခရီးစဉ်သစ်တွင် ရန်ကုန်မှ ပခုက္ကူ-ကံမမြို့အထိ တိုက်ရိုက် ရောက်ရှိမည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်တွင် လက်မှတ်တစ်စောင်လျှင် ကျပ် ၁၁၀၀၀ ဖြင့် ရွှေစင်စကြာယာဉ်လိုင်းမှ ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်သစ်ကို စတင်ပြေးဆွဲခြင်းဖြစ်ပြီး ရေ၀တီတံတား(ပခုက္ကူ) မြစ်ကူးတံတားကြီးပြီးစီးပါက မော်တော်ယာဉ်စီးရေ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်းနှင့် ကြိုတင်လက်မှတ်များကို ရန်ကုန် အောင်ဆန်းကွင်းဂိတ် ဖုန်း-၀၉- ၅၁၅၅၃၃၉၊ ဂွတ္တလစ် ရတနာပန်းခြံဂိတ် ဖုန်း- ၀၁-၇၀၅၅၁၅၊ ၇၀၉၅၂၁၊ အောင်မင်္ဂလာအဝေးပြေးဂိတ် ဖုန်း- ၀၁-၆၃၇၂၃၃၊ ၇၀၅၀၂၀၊ ၇၀၉၆၃၄၊ ပခုက္ကူမြို့အဝေးပြေးကားဂိတ် ဖုန်း- ၀၉-၄၃၀၂၉၁၁၁၊ ၄၇၂၃၀၈၃၃၊ ပေါက်လမ်းဂိတ် ဖုန်း-၀၉-၄၇၂၀၈၇၅၄၊ ကံမဂိတ် ဖုန်း- ၀၆၂၆၀၄၃၃ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝမ်းတွင်း၌ အရိပ်ရပင် စိုက်ပျိုး

ဝမ်းတွင်း ဩဂုတ် ၁၇

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်တွင် အဖွဲ့ဝန်ထမ်းများဖြင့် အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင် စိုက်ပျိုးနေမှုကို ဇူလိုင် ၃၀ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ရရှိပြီးဖြစ်သည့် ငြိမ်းချမ်းရေး၏ အနှစ်သာရများကို မြတ်နိုးတန်ဖိုးထား ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးသို့ အသွင်ကူးပြောင်းစေလို

နေပြည်တော် ဩဂုတ် ၁၇

ကချင်ပြည်နယ်ရှိ ဗမာတိုင်းရင်းသားကိုယ်စားလှယ်များဖြစ်ကြသော မြစ်ကြီးနားမြို့ မြို့မိမြို့ဖ ဦးခင်မောင်လှ၊ ဦးမျိုးဆွေ၊ ဦးလှရွှေ၊ ဦးကျော်ဌေး၊ ဦးပေါ်ဦး၊ ဦးဝင်းဟန်သန်း၊ ဦးချစ်ရင်၊ ဦးခင်မောင်ဦး၊ ဦးအောင်မြင့်၊ ဦးစိုးမြင့်မောင်၊ ဦးစိန်ဝင်း၊ ဦးထွန်းဝင်း၊ ဦးအောင်ကျော်မင်း၊ ဦးမျိုးမင်း၊ ဦးကျော်ကျော်ဦးနှင့် ဦးကျော်ကျော်ဝင်းတို့ (၁၆) ဦး စုပေါင်းလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ၂၀၁၁ ခုနှစ် ဇူလိုင် (၃၁) ရက်တွင် ကချင်ပြည်နယ် ထာဝရငြိမ်းချမ်းရေးရရှိရန်တင်ပြခြင်းခေါင်းစဉ်ဖြင့် တင်ပြစာတစ်စောင်အား ပေးပို့ခဲ့ကြောင်း သိရှိရသည်။ အဆိုပါတင်ပြစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

၁။ ကျွန်တော်တို့သည် ကချင်ပြည်နယ်တွင် ဂျိန်းဖော၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါး လူမျိုးများဖြစ်သော ကချင်မျိုးနွယ်စု၊ တိုင်းလိုင်၊ တိုင်းလေ၊ တိုင်းလုံ၊ တိုင်းခန္တီး၊ တိုင်းဆာလူမျိုးများဖြစ်သော ရှမ်းမျိုးနွယ်စုများနှင့်အတူ ဘိုးစဉ်ဘောင်ဆက်မှစ၍ အတူတကွနေထိုင်ခဲ့ကြသော ဗမာတိုင်းရင်းသားများ ဖြစ်ကြပါသည်။

၂။ ယနေ့အခါကာလတွင် နိုင်ငံတော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ပေါ်ပေါက်လာပြီဖြစ်ပါသည်။

၃။ ၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုမှ ရွေးချယ်ပေးလိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ အသီးသီးဖွဲ့စည်းထားရှိပြီး လူထုလူတန်းစားအလွှာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။

၄။ ကချင်အထူးဒေသ(၁) NDAK အဖွဲ့သည် ၁၉၈၉ ခုနှစ်တွင် လည်းကောင်း၊ ကချင်အထူးဒေသ(၂) KIO အဖွဲ့သည် ၁၉၉၄ ခုနှစ်တွင်လည်းကောင်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ချိန်မှစ၍ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုများရရှိကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ၊ အခြေအနေကောင်းများကို ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ ခံစားခဲ့ကြပါသည်။

၅။ ကချင်ပြည်နယ်သူ ပြည်နယ်သားများအနေဖြင့် လက်ရှိခံစားနေရသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ထာဝရမြင်တွေ့ခံစားလိုကြပါသည်။ ပြည်သူများအနေဖြင့် ထာဝရငြိမ်းချမ်းရေး လိုလားကြပါသည်။ ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် ဇွန်လ (၉) ရက်နေ့မှစ၍ အစိုးရတပ်မတော်နှင့် KIA တပ်များ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာမှ ပြည်နယ်အတွင်း မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အတိတ်ကတွေ့ကြုံခဲ့သော ခါးသီးသည့် ဆိုးကျိုးများ၊ အသက်အိုးအိမ်ဆုံးရှုံးမှုများနှင့် ကျီးလန့်စာစားဘဝမျိုးကို မတွေ့ကြုံလိုကြတော့ပါ။ ၂၁ ရာစု သတင်းနှင့် နည်းပညာခေတ်၊ ပညာခေတ်၊ (Knowledge Age) တွင် ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လိုကြပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်၍ ပြည့်စုံသော လူမှုစီးပွားရေးဘဝကို ရရှိလိုကြပါသည်။ သို့ဖြစ်ရာ ရရှိပြီးဖြစ်သည့် ငြိမ်းချမ်းရေး၏ အနှစ်သာရများကို မြတ်နိုးတန်ဖိုးထားကြပါသည်။ ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးသို့ အသွင်ကူးပြောင်းစေလိုကြပါသည်။ ဤအချက်သည် ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းရှိ ဗမာတိုင်းရင်းသားအားလုံး၏ ဆန္ဒအမှန်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရနှင့် KIA အဖွဲ့တို့က ကချင်ပြည်နယ် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသော ထာဝရငြိမ်းချမ်းရေးကိုရရှိအောင် ဖော်ဆောင်ပေးနိုင်ရန် မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

ဗမာတိုင်းရင်းသား ကိုယ်စားလှယ်များ
ကချင်ပြည်နယ်

(သတင်းစဉ်)

မန်စီးတီးအတွက် ဂိုးသွင်းစက် အဂူယာရို လာပြီ

လန်ဒန် ဩဂုတ် ၁၇

➤ မြင့်မောင်စိုး - စုစည်းသည် ➤

ယခုနှစ်ပရီမီယာလိဂ် ကန့်လန့်ကာ ဘောလုံးသမားကတော့ မန်စီးတီးက မကြာ အဂူယာရို (Sergio Aguero) ပဲ ဖြစ်ပါ

သူဟာပြီးခဲ့တဲ့ ဆွမ်ဆီးအသင်းနဲ့ ကစား သွင်းယူပြခဲ့တာပါ။ ဒ့ါအပြင် သူဟာ ပေးနိုင်ခဲ့ပါသေးတယ်။ ဒီပွဲ တွေနဲ့ ဆုံစည်းခဲ့တဲ့ပွဲလည်း မန်စီနီက "တိုက်စစ်မှူး ရိုမာရီယိုနဲ့ အတော်တူ သွင်းခဲ့တဲ့ ရိုမာရီယိုနဲ့ ဖွဲ့စည်းပုံ၊ လျှင်မြန် တွေ့ရပါတယ်" လို့

တိုက်စစ်မှူး အဓိက တိုက်စစ် ကလပ် ကိုရင် ကလပ် အက်သလက် ပြီး ခေါ် ယူ လိုက်တာ ဘရာဇီးကလပ်ကို ပြောင်းရွှေ့ကြေး တီဗက်ဇ်ဟာ မန်စီးတီးမှာ ဆက်ရှိ နီက ပြောထားတာရှိပါတယ်။ အကယ် ဆက်ရှိနေမယ်ဆိုရင်တော့ အာဂျင် ပွဲထုတ်မယ်ဆိုတာ ပရိသတ်များ စိတ်ဝင်

အသက် ၂၃ နှစ်သာရှိသေးတဲ့ မက်ဆီလို လျှင်မြန်ဖျတ်လတ်ပြီး ဂိုးရ သူဟာ အာဂျင်တီးနား ဂန္ထဝင် ဘောလုံး ပြီးတော့ ၂၀၀၈ ပေကျင်းအိုလံပစ်အားကစား အဓိကဂိုးတွေ သွင်းယူပေးခဲ့သူလည်း ဖြစ်ပါ ကနေ စပိန်ကလပ် အက်သလက်တီကို

အဖွင့်မှာ ပရိသတ်တွေကို ဆွဲဆောင်မှုအပေးနိုင်ဆုံး မီက ခေါ်ယူလိုက်တဲ့ အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယို တယ်။

ရာမှာ လူစားအဖြစ် ဝင်ရောက်ကစားခဲ့ပြီး ခြေစွမ်းပြဂိုးနှစ်ဂိုး အခြားကစားသမားတွေကိုလည်း ဂိုးရအောင် ဖန်တီး ဟာ သူ့အတွက် ပထမဆုံးသော မန်စီးတီး ပရိသတ် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း နည်းပြဖြစ်တဲ့ အဂူယာရိုဟာ ဘရာဇီး ဂန္ထဝင်တိုက်စစ်မှူး ပါတယ်။ သူဟာ ဂိုးပေါင်း ၁၀၀၀ နီးပါး ကစားပုံ အနေအထားနဲ့ ခန္ဓာကိုယ် ဖျတ်လတ်မှုအားလုံးနီးပါး တူနေတာ ချီးမွမ်းပြောဆိုလိုက်ပါတယ်။

အဂူယာရိုကို နည်းပြမန်စီနီကမန်စီးတီးရဲ့ မှူးဖြစ်တဲ့ ကားလို့စ်တီဗက်ဇ် ဘရာဇီး သီရန်သို့ ပြောင်းရွှေ့လုဆဲဆဲမှာပဲ စပိန် တီကိုမက်ဒရစ်က ပေါင် ၃၈ သန်းပေး ဖြစ်ပါတယ်။ ဒါပေမယ့် တီဗက်ဇ်ဟာ ညှိနှိုင်းမရလို့ မပြောင်းဖြစ်ခဲ့ပါဘူး။ နိုင်တယ်လို့လည်း နည်းပြ မန်စီ ၍သာ တီဗက်ဇ် မန်စီးတီးမှာ တီးနား တိုက်စစ်မှူးနှစ်ဦးအား မန်စီနီ ဘယ်နည်းဘယ်ပုံ စားဖွယ် စောင့်ကြည့်ကြရဦးမှာပါ။

တိုက်စစ်မှူးအဂူယာရိုဟာ အာဂျင်တီးနားတိုက်စစ်မှူး အောင် သွင်းနိုင်တဲ့ တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။ သမားကြီး မာရာဒိုနာရဲ့ သမက်လည်းဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အာဂျင်တီးနားအသင်းကို ဗိုလ်စွဲနိုင်အောင် တယ်။ ၂၀၀၆ ခုနှစ်မှာ အာဂျင်တီးနား ပထမတန်းကလပ် မက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့ပါတယ်။

ဆွတ်ခူးပေးနိုင်

အဲဒီကလပ်မှာ ပွဲပေါင်း ၂၃၄ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၀၁ ဂိုးသွင်းယူနိုင်တဲ့အပြင် ဖလားများလည်း ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် အဂူယာရိုဟာ မန်စီးတီးအတွက် ဂိုးသွင်းစက်ဖြစ်လာ မလားဆိုတာ စောင့်ကြည့်ကြရဦးမှာပါ။ ။

ကိုးကား-အင်တာနက်

မန်စီးတီး တိုက်စစ်မှူး အဂူယာရို

အားကစား သတင်း အတိုအထွာ

❒ ***အာဆင်နယ်တိုက်စစ်မှူး ဂါဗင်ဟိုအား ပြီးခဲ့သည့် ပရီမီယာလိဂ်အဖွင့်ပွဲတွင် နယူးကာဆယ်အသင်းနှင့်ကစားစဉ် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံရသဖြင့် အက်ဖ်အေက သုံးပွဲပိတ်လိုက်သည်။***

❒ **ဩဂုတ် ၁၅ ရက်က ကျင်းပခဲ့သော US PGA ဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျက်ဆင်ဒဖ်နာအား ကျော်ဖြတ်ကာ ဆုဖလားရယူခဲ့သည့် ကီးဂန်းဘရက်လေက "အိပ်မက်တစ်ခုပါပဲ"ဟု ထုတ်ဖော်ပြောကြားသည်။**

ကချင်ပြည်နယ် မန်စီမြို့နယ် တရုတ်-မြန်မာနယ်စပ် ပန်ခမ်းကင်းစခန်းအား KIA အဖွဲ့က မီးရှို့ဖျက်ဆီး

နေပြည်တော် ဩဂုတ် ၁၇

ကချင်ပြည်နယ် မန်စီမြို့နယ် တရုတ်-မြန်မာနယ်စပ် ပန်ခမ်းကင်းစခန်းအား ဩဂုတ် ၁၅ ရက်တွင် KIA အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီခန့်တွင် မန်စီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးမှ ဒုဦးစီးမှူး ဦးစိုင်းအိုက်အေး ဦးစီးဝန်ထမ်းသုံးဦးနှင့် အကောက်ခွန်ဝန်ထမ်းငါးဦး စုစုပေါင်းဝန်ထမ်း ရှစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိသော ပန်ခမ်းစခန်းသို့ KIA အင်အား ၂၀ ခန့် ဦးတည်လာနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ တာဝန်ခံအရာရှိ ဦးဆောင်၍ ရုံးတံဆိပ်များ၊ ဌာနပိုင်ငွေများ၊ BP စာအုပ်အသစ်များအပါအဝင် ဌာနဆိုင်ရာပစ္စည်းများကို သိမ်းဆည်း၍ လုံခြုံရာသို့ တိမ်းရှောင်ခဲ့ရကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ ●

ချန်ပီယံလိဂ်ခြေစစ်ပွဲ ပထမအကျော့ အာဆင်နယ်က အူဒီးနိစ်ကိုနိုင်

အာဆင်နယ် အတွက် ဂိုးသွင်းအပြီး တိုက်စစ်မှူး ဝေါကော့တ် အောင်ပွဲခံနေစဉ်။

လန်ဒန် ဩဂုတ် ၁၇

အာဆင်နယ်အသင်းနှင့် အီတလီ စီးရီး အေကလပ် အူဒီးနိစ်တို့သည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ချန်ပီယံလိဂ်ခြေစစ်ပွဲ ပထမ အကျော့အဖြစ် အာဆင်နယ်အိမ်ကွင်း အီးမရိတ်၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ တောင်ပံကစားသမား ဝေါကော့တ်၏ တစ်လုံးတည်းသောဂိုးဖြင့် အာဆင်နယ်အသင်း အနိုင်ရလိုက်သည်။

ဂိုးသွင်းယူ

ဝေါကော့တ်သည် ပွဲစပြီးလေးမိနစ်မှာပင် ကစားဖော်ရမ်ဆေး ညာတောင်ပံမှဖြတ်တင်ပေးလိုက်သော ဘောလုံးမှတစ်ဆင့် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ အူဒီးနိစ်တို့ ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း ဂိုးတိုင်ထိမှန်ခြင်းနှင့် ဂိုးဘားတန်းထိမှန်ခြင်းတို့ကြောင့် ချေပဂိုးနှင့်လွဲချော်ခဲ့ရသည်။

အခြားပွဲများအဖြစ် ဘာတီးဘာရီဆော့ဗ်ကလပ်နှင့် စတမ်းဂရက်ဇ်ကလပ်တို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကစားခဲ့သည်။ အက်ဖ်စီတွမ်တီးနှင့် ဘင်ဖီကာတို့ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

ဗစ်တိုးရီးယားပလာဇန်ကလပ်က ကိုပင်ဟေဂင်ကလပ်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်သည်။ ထို့အတူ ပြင်သစ်ကလပ်လိုင်ယွန်ကလည်း ရူဗင်ကာဇန်ကလပ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ (အင်တာနက်)